စိတ်ကူးချိုချိုအနုပညာ

မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်း

# ဗညားဒလ



ဒုတိယအကြိမ်

mgyoe.com

ဇော်ဂျီ၊

မင်းသုဝဏ်၊

မောင်မောင်သာ၊

မြကေတု၊

ဘဝင်း၊

သုတေသီတစ်ဦး၊

ရဇ္ဇဝထွန်း၊

မောင်ကြည်ရှင်၊

မောင်ကျော်တိုင်၊

မောင်သော်၊

နိုင်ပန်းလှ၊

မြန်စာဂုဏ်ကျော်မြင့်၊

မြတ်သာနေ၊

စမိ၊

ကျော်မြင့်လွင်၊

. . . . . .

**စသူတို့၏**

# ဗညားဒလ

မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်းက စီစဉ်ထုတ်ဝေခဲ့သော

# ဗညားဒလ

ယခုစာအုပ်အပါအဝင် မြန်မာကဏ္ဍ ဝင်စာပေပညာရှင်ကြီး ၉ ဦး၏
စာပေဂုဏ် ပညာသမာဂုဏ်ကို စုစည်းထားခဲ့ကြသော စာ ၉ အုပ်ကို
စိတ်ကူးချိုချိုစာအုပ်တိုက်မှ မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်းအတွက်
ပြန်လည်စီစဉ် ထုတ်ဝေပေးခြင်းဖြစ်ပါသည်။

kls0098

1,800.00 KS

mgyoe.com

ဗညာဒလ
မျက်နှာဖုံးပန်းချီ - ကျော်ပြုံးစံ၊
စာမျက်နှာ ၁၂၅+ မျက်နှာ၊ ၁၄ · ၅ စင်တီ× ၂၁ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း၊
၂၀၁၇၊ ဩဂုတ်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၇၃ မြန် စာ ပြန့် စာစဉ် ၁၀၊ ပထမအကြိမ်၊

ရောင်းဈေး ၁၈၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# ဗညားဒလ

## (၈၈၀ခန့် - ၉၃၄)

မွန်ဝန်ကြီးဗညားဒလ ကွယ်လွန်သည့် နှစ် ၄၀၀ မြောက်
အထိမ်းအမှတ်အဖြစ်ထုတ်ဝေခဲ့သည့်စာအုပ်

မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်းအတွက်
စိတ်ကူးချိုချိုမှ စီစဉ်ရိုက်နှိပ်သည်။

ဒုတိယအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

‘အနုပညာ စာပေမှာ
ပေါင်းလှာဝပ်စင်း ယဉ်ကျေးခြင်း’

mgyoe.com

mgyoe.com

## မာတိကာ


| | | | |
|---|---|---|---|
| | - တွင်းသင်းဝါဒ တင်ပြပါသည် | | (က) |
| | - နိဒါန်း | | (ဂ) |
| ၁။ | ဗညားဒလဟူသော ဝေါဟာရ | မာဃ | ၁ |
| ၂။ | မြန်မာ့အတွေးအမြင်နည်း | ဦးသော်ဇင် | ၁၀ |
| ၃။ | လက်ရည်တစ်ပြင်တည်းညီ၍ | မြကေတု | ၂၅ |
| ၄။ | ဗညားနွဲ့အကြောင်း စကားပြေ | ဇော်ဂျီ | ၃၄ |
| ၅။ | မွန်ရိုးရာတဘောင်သီချင်းများ | မင်းသုဝဏ် | ၅၀ |
| ၆။ | မြန်မာဘာသာပြန်ကျမ်းတစ်စောင် | ဘဝင်း | ၅၄ |
| ၇။ | ဂူထွတ်တိုက်ပွဲ | သုတေသီတစ်ဦး | ၆၁ |
| ၈။ | ကလောင်တစ်ဖက် ဓားတစ်ဖက်ဝန်ကြီး | ရဝေထွန်း | ၆၈ |
| ၉။ | မျက်ဖြေလင်္ကာမရေးသော ဗညားဒလ | မောင်ကြည်ရှင် | ၇၃ |
| ၁၀။ | ညဉ့်ဦးငိုနှင့် မိုးသောက်ငို | မောင်ကျော်တိုင် | ၇၇ |
| ၁၁။ | လူသားတန်ဖိုးမရှိရသောစစ် | မောင်သော် | ၈၃ |
| ၁၂။ | မွန်စကားပုံများ | နိုင်ပန်းလှ | ၈၉ |
| ၁၃။ | ကြိယာပစ္စည်းထူးအသုံး | မြန်စာဂုဏ်ကျော်မြင့် | ၉၈ |
| ၁၄။ | အမျိုးဂုဏ်ဆောင် မွန်ဝန်ကြီး | မြတ်သာနေ | ၁၀၃ |
| ၁၅။ | မွန်ဝန်ကြီး၏ စကားပြေတွင် | စမ်း | ၁၀၉ |
| ၁၆။ | စကားပြေပညာရှင် | ကျော်မြင့်လွင် | ၁၁၄ |


■

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## တွင်းသင်းဝါဒ တင်ပြပါသည်

"အမျိုးဘာသာ သာသနာ" တည်းဟူသော ကြွေးကြော်သံကို တံခွန်မှူလျက် တွင်းသင်းသည် မြန်မာနှင့် မြန်မာနိုင်ငံတော်အတွက် စာပေ၏ ဝန်တာကို လွန်စွာရိုကျိုးသော နှလုံးထားဖြင့် ထမ်းရွက်လျက် ရှိပေသည်။

ဒဂုန်ဦးထွန်းမြင့်၏ ဗုဒ္ဓ၏ ဩဝါဒအမြုတေနှင့် မဟာရာမဝတ္ထု၊ အယ်ဒီတာ ဦးလေးမြိုင်၏ ဗုဒ္ဓ၏ ဥပမာတစ်ထောင် ၂ တို့ကို ထုတ်ဝေဖြန့်ချိခဲ့လေပြီ။ ယခုအခါ ဤမည်သော 'ဗညားဒလ' ကို တွင်းသင်း၏ အဆင်းအဝါ အလျှံဖြာသော စတုတ္ထမြောက် ဒေါင်းမြီးကွက်အဖြစ် ထုတ်ဝေဖြန့်ချိခြင်း ပြုရပေသည်။

ဗညားဒလကား မွန်အမျိုးသား ရာဇဝင်ဆရာ၊ အရေးတော်ပုံဆရာဖြစ်သည်။ ရာဇာဓိရာဇ် အရေးတော်ပုံကျမ်းကြီးကို ကြိုးပမ်းပြုစုခဲ့သူဖြစ်၏။ ဘုရင်မင်းခေါင်နှင့် ရာဇာဓိရာဇ်တို့ ဘုန်းတန်ခိုးပြိုင်ခြင်း၊ စစ်ကစားခြင်းအကြောင်းကို ကျမ်းတစ်စောင်တစ်ဖွဲ့ စီရင်ခဲ့၏။ ထိုမည်သော ဗညားဒလ ကွယ်လွန်ခဲ့သည်မှာ အနှစ် ၄၀၀ ပြည့်လေပြီဟု မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်းက စာအုပ်ထုတ်ဝေခြင်း၊ အခမ်းအနားကျင်းပခြင်း ပြုလုပ်သည်။ ထိုမြန်စာပြန့်၏ 'ဗညားဒလ' ကို တွင်းသင်းက တာဝန်ယူ၍ ဖြန့်ချိပေးခြင်း ဖြစ်သည်။ မြန်စာပြန့်၏ ကောင်းမြတ်သော အဆောင်အရွက်သည် ထမြောက်သင့်လှပေ၏။

mgyoe.com

mgyoe.com

မြန်မာရာဇဝင် မြန်မာမင်း အရေးတော်ပုံတို့နှင့် စပ်သော ဇာတိမာန်၊ နိုင်ငံထူထောင်ရေးနှင့်စပ်သော အမျိုးသားရေး၊ အမျိုးဘာသာ သာသနာနှင့်စပ်သော စာပေ ယဉ်ကျေးမှုတို့ကို ဖော်ထုတ်ရန် ဗညားဒလသည် လုံလောက်အောင်မြင်ပေသော စစ်ရေးခေါင်းဆောင် ပညာရှိကြီးဖြစ်၏။

အရေးတော်ပုံ၏ အရာရောက်ခြင်း၊ မြန်မာတို့ စစ်ရေးအမြင်ကျယ်ခြင်း၊ စစ်ပညာ ကျွမ်းကျင်ခြင်းတို့ကို ဗညားဒလ၏ ရာဇာဝိရာဇ် အရေးတော်ပုံကျမ်းက ဖော်ပြလျက်ရှိ၏။ နိုင်ငံထူထောင်ရေးတွင် ဘုရင်မင်းခေါင်နှင့် ရာဇာဓိရာဇ်တို့၏ မင်းကျင့်တရားများက လမ်းညွှန်လျက်ရှိ၏။ စာပေယဉ်ကျေးမှုဆိုင်ရာတွင် ဗညားဒလ၏ မြန်မာစကားပြေ အရေးအသားက အနှစ် ၄၀၀ ကျော်လွန်ပြီးသည့်တိုင်အောင် ဦးဆောင်လျက်ရှိ၏။

ဤသို့သော ထူးမြတ်သည့် ဝိသေသတို့ကြောင့် 'ဗညားဒလ' စာပေကျမ်းကို ဖြန့်ချိရခြင်းသည် မမျှော်မှန်းနိုင်သော အကျိုးကျေးဇူးဂုဏ်တို့ဖြင့် တင့်တယ်ပြည့်စုံနိုင်လေပြီဖြစ်သတည်း။ ။

တိုင်းပြည်၏မေတ္တာကို ခံယူလျက်ရှိပါသော
တွင်းသင်း

mgyoe.com

mgyoe.com

# နိဒါန်း

မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်းကို ၁၃၂၁ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်၊ စာဆိုတော်နေ့တွင် စတင်တည်ထောင်ခဲ့ရာ ယခုအခါ ၁၄–နှစ်တိုင်ခဲ့လေပြီ။

ထိုတစ်ဆယ့်လေးနှစ်သော နှစ်ပရိစ္ဆေဒအတွင်း မြန်စာပြန့်သည် စာပေယဉ်ကျေးမှု အနုပညာဆိုင်ရာ အထိမ်းအမှတ် အခမ်းအနားကျင်းပခြင်း၊ စာအုပ်ထုတ်ဝေခြင်း၊ ဟောပြောပွဲများ ပြုလုပ်ခြင်းတို့ကို နှစ်စဉ်မပြတ် ဆောင်ရွက်ခဲ့ပေသည်။

အသင်းစာစဉ်တစ်ခုဖြစ်သော အနုပညာလောကစာစဉ်ကို အမှတ် ၃ အထိ ထုတ်ဝေခဲ့သည်။ လယ်တီပဏ္ဍိတ၊ ဝတို့ဌာနီ၊ မြဝတီမင်းကြီး၊ ရှင်မဟာရဋ္ဌသာရ၊ ကျော်အောင်စံထား၊ စိန္တကျော်သူ ဟူသော စာပေကျမ်းတို့ကို ထုတ်ဝေခဲ့ပေသည်။ ယခုအခါ 'ဗညားဒလ' မည်သော ဤကျမ်းကို ထုတ်ဝေနိုင်ပြန်ပေပြီ။

အထိမ်းအမှတ် အခမ်းအနားနှင့် ဟောပြောပွဲတို့တွင် လယ်တီပဏ္ဍိတ ကွယ်လွန်သည့် ၂၅–နှစ်မြောက်၊ စိန်ဗေဒါ ကွယ်လွန်သည့် ၂၅–နှစ်မြောက်၊ အင်းဝမြို့တည် နှစ် ၆၀၀–ပြည့်၊ နန်းတော်ရှေ့ဆရာတင်နှင့် ရွှေတိုင်ညွန့် ဂီတသရုပ်ဖော် ဟောပြောပွဲ၊ ဇာတ်သဘင်ဆွေးနွေးပွဲ၊ ဂီတဆွေးနွေးပွဲ၊ ပါရဂူ၏ ညီတော်မင်းနန် ဝတ္ထုဖတ်ပွဲ၊ ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ ဗျတ်ဝိဗျတ္တ ပြဇာတ်ဖတ်ပွဲ၊ ဘိုးဝဇီရ

mgyoe.com

mgyoe.com

အနှစ် ၁၂၀–မြောက်၊ မြဝတီမင်းကြီး အနှစ် ၂၀၀–မြောက်၊ ရှင်မဟာရဋ္ဌသာရ အနှစ် ၅၀၀ မြောက်၊ ၂၅–နှစ်မြောက် စာဆိုတော်နေ့ ငွေရတုသဘင်၊ ဝေါဟာရတ္ထပကာသနီကျမ်းသက် နှစ် ၂၀၀– မြောက်၊ ကင်းဝန်မင်းကြီး နှစ် ၁၅၀–မြောက်ဟူသော အထိမ်းအမှတ် ဟောပြောပွဲနှင့် ကဗျာရွတ်ပွဲများကို ပြုလုပ်ကျင်းပခဲ့၏။ မြဝတီမင်းကြီးပွဲကား အိမ်နောင်အလံသန်လျက် စိုက်ခန်းကို စာရေးဆရာနန်းညွန့်ဆွေက ဇာတ်ညွှန်းရေးသား၍ အလင်္ကာကျော်စွာ စာရေးဆရာ ဒါရိုက်တာ ဦးသုခ၏ သင်ကြားပြသမှုဖြင့် ရွာစားစိန်စတင်းဆိုင်းနှင့် တွဲဖက်ခင်းကျင်း ကပြခဲ့၏။ အိမ်နောင်ဇာတ်တွင် မဟာဂီတများကို အလင်္ကာကျော်စွာ ဒေါ်စောမြကြည်၊ အလင်္ကာကျော်စွာ ဆရာကြီးဦးဘမောင်၊ ဝဏ္ဏကျော်ထင် ဒေါ်အောင်ကြည် စသော အကျော်ဒေယျ မဟာဂီတပညာရှင်ကြီးများက သီကျူး၍ မြဝတီမင်းကြီးအား ပူဇော်ခဲ့ကြ၏။

ဤနှစ်အဖို့ကား မွန်အမတ်ကြီး ဗညားဒလကို ထုတ်ဖော်ကျေးဇူးဆပ်ခွင့် ကြုံလေသည်။ မွန်အမျိုးသားပညာရှိကြီးဖြစ်၍ ထူးထူးကဲကဲ နှစ်လိုစွာ ချီးကျူးဂုဏ်ပြုရပေ၏။ စင်စစ် ၉၃၄–ခုနှစ်တွင် အမတ်ကြီး ကွယ်လွန်ရာ ၁၃၃၄–ခုနှစ်တွင် အနှစ် ၄၀၀ ပြည့်မြောက်၍ ထိုနှစ်အတွင်း ပွဲလမ်းကျင်းပ စာအုပ်ထုတ်ဝေရန်ဖြစ်သည်။ သို့သော်လည်း ဒီးဒုတ်ဦးဘချို အတ္ထုပ္ပတ္တိစာတမ်းဖတ်ပွဲ၊ သတင်းစာဆရာဦးသိမ်းမောင် အတ္ထုပ္ပတ္တိ စာတမ်းဖတ်ပွဲများ ကျင်းပပြုလုပ်ရသည်နှင့် ၁၃၃၅ ခုနှစ်တွင် ချဉ်းနင်းကာ လအနည်းငယ် စွန်းခဲ့ရလေသည်။

ဗညားဒလ နှစ် ၄၀၀ ပြည့် အထိမ်းအမှတ်ဟောပြောပွဲနှင့် ကဗျာရွတ်ပွဲကို ၁၃၃၅ ခုနှစ် ဝါဆိုလပြည့်ကျော် ၇ ရက်နေ့တွင် ရန်ကုန်မြို့၊ ဗိုလ်တထောင်ဘုရားလမ်း၊ ရာမာကရစ်ရှ်နာအသင်းတိုက်ခန်းမဆောင်တွင် ကျင်းပလျက် မွန်ယဉ်ကျေးမှုနှင့် စာပေပညာရှင် ဆရာ နိုင်ပန်းလှက ဗညားဒလနှင့် ရာဇာဓိရာဇ်အရေးတော်ပုံကျမ်းအကြောင်းကို ဟောပြောလေသည်။ မွန်ယဉ်ကျေးမှု ဂီတပညာရှင်များက မွန်ဂီတတို့ဖြင့် မွန်အမတ်ကြီး ဗညားဒလအား အလေးအမြတ်ပြုခဲ့ကြလေသည်။ ဆရာရန်နိုင်ဆွေက ဗညားဒလ ဂုဏ်ပြုသီချင်းကို ရေးသား၍ မင်းထောပိုင်က မွန်ဘာသာ ပြန်ဆိုလေသည်။ ထိုထိုပုဂ္ဂိုလ်

mgyoe.com

mgyoe.com

များအားလည်း လွန်စွာပင် ကျေးဇူးတင်ရှိရပေကြောင်း။

ဤ 'ဗညားဒလ' စာပေဆုကျမ်းထွက်ပေါ်နိုင်ရေးအတွက် မေတ္တာ စေတနာရှေ့ထား၍ စာမူများ ရေးသားချီးမြှင့်ကြကုန်သော စာရေးဆရာကြီးများအားလည်းကောင်း၊ စာမူ မှသည် စာအုပ်အဖြစ်သို့ ရောက်ရှိရေးနှင့် ပြည်လုံးကျွတ်ဖြန့်ချိရေး စာအုပ်လုပ်ငန်းအဝဝကို တာဝန်ယူဆောင်ရွက်ပေသော တွင်းသင်းတိုက်အားလည်းကောင်း၊ မြန်စာပြန့်က အထူးတလည် ကျေးဇူးဥပကာရ တင်ရှိပါကြောင်း မမေ့မလျော့ ဖော်ပြမှတ်တမ်းတင်ရပါသတည်း။ ။

စာအုပ်ထုတ်ဝေရေးအဖွဲ့
မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်း

mgyoe.com

mgyoe.com

## ရာဇာမိရာဇ်မှ မင်းကြီးစွာသို့

ကျွန်ုပ်တို့ ဟံသာဝတီပြည့်ရှင် ရာဇာမိရာဇ်သည် နှစ်ဖက်သော ဗိုလ်ပါတို့ ၏ ဒုက္ခဆင်းရဲခြင်းကိုမြင်သဖြင့် အတိတ် အနာဂတ် ပစ္စုပ္ပန် သုံးတန်စလုံး ဆင်ခြင်ပါသည်။ အကယ်၍ ဧကရာဇ်မင်းနှစ်ပါးစလုံးက ဘဝင်မြင့်၍ မာနထောင်လွှားပြီး အရှုံးအနိုင်ကို အပြိုင်အဆိုင် လုနေကြလျှင် ဗိုလ်ပါနှစ်ဖက်စလုံး ပျက်စီးကြမည်။ မြို့သူမြို့သား၊ ရွာသူရွာသား၊ ရဟန်းသံဃာများသည် ဒါန သီလ ဘာဝနာတရားတို့နှင့် ကင်းကွာကြရမည်။ သည်အပြစ်အားလုံးတို့သည် ဧကရာဇ်နှစ်ပါးတို့၌သာ တည်ရှိပါတကားဟု ရာဇာမိရာဇ် မြင်ပါသည်။ သို့မြင်မိ၍ သဗ္ဗညုတဉာဏ်အတွက် ပါရမီဖြည့်နေသော မင်းယောကျ်ား ဗညားနွဲ့သည် အပြစ်ကိုကြောက်ရွံ့သဖြင့် မာနကို ပျော့အောင်ဖျော့၍ မာန်ကို နိမ့်အောင် နှိမ့်ချ၍ သည်စစ်အရေးအခင်းတို့ကို နှုတ်ရေးဖြင့် ဖြေရှင်းရန် ကျွန်ုပ်တို့အမတ်ကြီး လေးပါးအား အာဏာအပ်နှင်း၍ တာဝန်ပေးထားပါသည်။ ။

(ဗညားဒလ–၁၀၈)

mgyoe.com

mgyoe.com

# ဗညားဒလဟူသော ဝေါဟာရ

မာဃ

## ပြည်ထောင်ဘက်အမတ်ကြီး

မြန်မာ့သမိုင်းတစ်လျှောက်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို ကျယ်ပြန့်စွာ စုစည်းတည်ထောင်ခဲ့သည့် ခေါင်းဆောင်ကြီးသုံးဦးရှိလေသည်။ ယင်းတို့ကား ပုဂံခေတ် အနော်ရထာ၊ တောင်ငူ (ဟံသာဝတီ)ခေတ် ဘုရင့်နောင်နှင့် ကုန်းဘောင်ခေတ် အလောင်းဘုရားတို့ပေတည်း။

ဗညားဒလအမတ်ကြီးကား ဘုရင့်နောင်၏ ပြည်ထောင်ဘက် အမတ်ကြီးဖြစ်လေသည်။

ဘုရင့်နောင်၏ ပြည်ထောင်ဘက်များတွင် မြန်မာအမျိုးသားများသာမဟုတ်ဘဲ မွန်အမျိုးသားပေါင်း အများပင် ပါဝင်ကြသည်။ ရှမ်းအမျိုးသားပေါင်း အများပင် ပါဝင်ကြသည်။ ကရင်အမျိုးသားပေါင်း အများပင် ပါဝင်ကြသည်။ ကချင်အမျိုးသားပေါင်း အများပင် ပါဝင်ကြသည်။ ဤမှတစ်ပါး တိုင်းရင်းသားမျိုးစုံဆိုသလို ပါဝင်ကြသည်။

မွန်အမျိုးသား ပြည်ထောင်ဘက်များအနက် ဗညားဒလအမတ်ကြီးကား ရှေ့ဆုံးတန်းမှ ပါဝင်ခဲ့သော ပုဂ္ဂိုလ်ကြီးဖြစ်လေသည်။

ထို့ပြင် ဘုရင့်နောင်၏ ပြည်ထောင်ဘက်များတွင် လက်ရုံးရည်ပြည့်ဝသူများလည်း ပါဝင်ကြသည်။ နှလုံးရည်ပြည့်ဝသူများလည်း ပါဝင်ကြသည်။ လက်ရုံးရည်ရော၊ နှလုံးရည်ပါ ပြည့်စုံသူများလည်း ပါဝင်ကြသည်။ ဗညားဒလအမတ်ကြီးသည် လက်ရုံးရည်ရော၊ နှလုံးရည်ပါ နှစ်မျိုးလုံး ပြည့်ဝသူများတွင် ထိပ်ဆုံးတန်းမှပါဝင်ခဲ့သော ပုဂ္ဂိုလ်ကြီးဖြစ်လေသည်။

mgyoe.com

ဤဆောင်းပါးတွင် ထိုပုဂ္ဂိုလ်ကြီး၏ လက်ရုံးရည်ဆိုင်ရာ စွမ်းဆောင်ချက်များ၊ နှလုံးရည်ဆိုင်ရာ စွမ်းဆောင်ချက်များအတွက် ပြဆိုဖွယ်များကို ပေယျာလလုန် ဝကွက်၍ ချန်ပြီးလျှင် 'ဗညားဒလ' ဟူသောဘွဲ့အမည်နှင့်စပ်လျဉ်းသည့် အချက်ကလေးတစ်ရပ်ကိုသာ သုတေသနပြုလုပ်ဖော်ပြပါအံ့။

ဗညား

'ဗညား' ဟူသော ဝေါဟာရသည်လည်းကောင်း၊ 'ဒလ' ဟူသော ဝေါဟာရသည်လည်းကောင်း၊ ထိုနှစ်ရပ်ပေါင်းထားသည့် 'ဗညားဒလ' ဟူသော ဝေါဟာရသည်လည်းကောင်း မွန်သမိုင်းတစ်လျှောက်လုံး အလွန်ထင်ရှားသော ဘွဲ့အမည်များ ဖြစ်ခဲ့လေသည်။

'ဗညားဟူသော ဘွဲ့အမည်သည် ရာဇာဓိရာဇ်အရေးတော်ပုံ ကျမ်းပြုဗညားဒလ အမတ်ကြီးမတိုင်မီကပင် ခေတ်စားခဲ့သော ဘွဲ့မည်ဖြစ်လေသည်။ ပါမောက္ခရှောတိုးက အလယ်ခေတ်တွင် များစွာ တွင်ကျယ်ခဲ့ကြောင်း ပြဆိုလေသည်။ ခရစ် ၁၄၅၅ လောက်ကစ၍ တွေ့ရသည်ဟုလည်း ပြဆိုလေသည်။

ရှေးဟောင်းမွန်ကျောက်စာများတွင် 'ဗညာ' ဟု ရေးထိုးထားကြပုံများ၊ ကျိုက်မရောမွန်ကျောက်စာကြီး ကြောင်းရေ ၂၊ ပဲခူးရသေ့မြို့ ကျောက်စာကြောင်းရေ ၁၊ ရွှေတိဂုံ မွန်ကျောက်စာကြောင်းရေ ၂၉၊ ၃၁၊ ၃၂ စသည်တို့၌ 'ဗညာ' ဟူသောအရေးကို တွေ့ရသည်။

မြန်မာပြန် ရာဇာဓိရာဇ် အရေးတော်ပုံ၊ ဦးကုလား မဟာရာဇဝင်ကြီး၊ မှန်နန်းမဟာရာဇဝင်စသည်တို့၌ကား 'ဗညား' ဟု ဝိသဇ္ဇနီနှင့်တကွ တွေ့ရသည်။ (လက်ရှိပုံနှိပ်မူများကိုကြည့်ရှုပြောဆိုသည်)

ယင်း 'ဗညာ' ဟူသော ဝေါဟာရအရေးအသားကို အာရ်ဟာလီဒေး၏ မွန်အင်္ဂလိပ် အဘိဓာန်၌ Penye (ပဲညဲး = ပယ်ညဲ) ဟု အသံထွက်ပြထားလေသည်။ ပါမောက္ခ ရှောတိုးကမူ၊ Panna ဟု ပြထားလေသည်။ မော်ပိ ဆရာသိန်းကြီး၏ ပါးစပ်ရာဇဝင် ပ–နှာ ၁၈ (ပ–အကြိမ်ရိုက်) ၌ကား 'ဖင်းညဲ' ဟု အသံထွက်၍ပြသည်။ ရာဇဝင်ဆရာကြီး ဦးဘသန်း (ဘီ၊ အေ) ကမူ 'ဖင်းည' ဟု အသံထွက်၍ပြသည်။

ယင်း ဗညာ (ဗညား) ကို ဟာလီဒေး၏အဘိဓာန်၌ မင်းသား မင်းသမီးကဲ့သို့သောသူများနှင့်ဆိုင်သောဘွဲ့၊ မင်းဆွေမင်းမျိုးနှင့် အထက်တန်းစားများဆိုင်ရာဘွဲ့ဟု ဖော်ပြထားလေသည်။

mgyoe.com

mgyoe.com

ထို့ပြင် ယင်း ဗညာ (ဗညား) ဟူသော ဝေါဟာရသည် ထိုင်းလူမျိုးတို့၏ ပယား (ဖရာ့) (အကြီးအကဲ) ဟူသော ဝေါဟာရနှင့် ဆက်စပ်နေလေမလားဟု ပါမောက္ခ ရှောတိုးက စဉ်းစားလေသည်။

ထိုဗညားဟူသော ဝေါဟာရကို မွန်မင်းဆက်များတွင် မုတ္တမဝါရူ မင်းဆက် ၈ ဆက်အနက် နောက်ဆုံးမင်းဖြစ်သော ဗညားဦးလက်ထက်ကစ၍ အတော်ကလေး တွင်ကျယ်လာခဲ့ပုံကို တွေ့ရလေသည်။ ဗညားဦးသည် ဘုရင်မဖြစ်မီ မင်းသားဘဝကပင် ထိုအမည်ရှိနေသည်။ ဘုရင်ဖြစ်လာသောအခါ 'ဆင်ဖြူရှင်' ဟူသောအမည်ကို ခံယူသည် ဟုဆိုသည်။ ရာဇာဓိရာဇ် အရေးတော်ပုံတွင် ထိုမင်းကို သူ့ရှင် (တလည်း) ဟုလည်း သုံးလေ့ရှိသည်။

ဗညားဦး (ဆင်ဖြူရှင်) သည် (မိဖုရားသီရိမာလာမှ မွေးဖွားသည့်) မိမိ၏သား တော် ဗသုန်ဗန်စက်အား အတော်ကလေး ကြီးပြင်းလာသောအခါ ဗညားနွဲ့ (ဗညာနောယ်) ဟူသောဘွဲ့ကို ဖွဲ့ချည်ပေးသနားတော်မူသည်ဟု အရေးတော်ပုံ၌ ပြဆိုလေသည်။ (ဗညားနွဲ့ သည် ရာဇာဓိရာဇ် ဟူသောအမည်ဖြင့် နောင်အခါထင်ရှားလှသော မွန်သူရဲကောင်း ဘုရင်ကြီးဖြစ်လာသည်။)

ရာဇာဓိရာဇ်ကိုယ်တိုင်လည်း မြန်မာမင်းသား သူရဲကောင်း မင်းရဲကျော်စွာက လူသားစား 'ပေါရိသာဒ' ဘွဲ့ကို ခံယူစွန့်စားမည်ဟူသော သတင်းကိုကြားရသောကြောင့် 'ဗညားသစ်တသုံ' (ဗညာသုတသောမ) ဟူသောဘွဲ့ကို ခံယူခဲ့လေသည်။

ရာဇာဓိရာဇ်နှင့် ရန်ဘက်၊ မုတ္တမစား ဗြတ်တပ၏ သမက်အမည်မှာ စောအဲ ဗညားဖြစ်လေသည်။

ဟံသာဝတီတွင် ဗညားဦးမင်းဆက် ၁၁ ဆက်ရှိသည့်အနက် ရာဇာဓိရာဇ်၏ သားတော်ကြီး ဗညားဓမ္မရာဇာ ၇၈၅–၇၉၈၊ ရာဇာဓိရာဇ်၏သားတော်လတ် ဗညားရာမ်= ဗညားရံခိုက်၊ ၇၉၈–၈ဝ၈၊ ဗညားပရူ=ဗညားပရော် ၈ဝ၈–၈၁၁၊ ဗညားဓမ္မရာဇာ၏သား ဗညားကျန်း ၈၁၁–၈၁၄၊ ဘုရင်မကြီးရှင်စောပု ခေါ် ဗညားကျန်းထော၊ ၈ဝ၃–၈၃၃၊ ဓမ္မ စေတီမင်း၏သားတော် ဗညားရံ၈၅၄–၈၈၈ ဟူ၍ ဗညား ဟူသော အမည်ပါသည့် မင်းအများပင် တွေ့ရလေသည်။ ရှင်စောပု၏ တူသမက် ပုသိမ်စား၏အမည်မှာ ဗညား အိန်ဖြစ်သည်။

ဤသို့လျှင် ဟံသာဝတီဗညားဦးမင်းဆက်၌ ဗညား ဟူသောဘွဲ့အမည် အတော် ပင်ခေတ်စားကြောင်း သိသာသည်။

မြန်မာမင်းများအနက် ဟံသာဝတီခေတ်တွင် (တပင်ရွှေထီးအပါအဝင်) ဘုရင့်

mgyoe.com

mgyoe.com

နောင်၏လက်ထက်၌ မွန်အမှုထမ်းအရာထမ်း များပြားလှသည့်အတိုင်း ဗညားဘွဲ့တပ် အမှုထမ်းပေါင်း အများပင်ရှိခဲ့လေသည်။ ရှေ့တန်းမှ ပါဝင်အမှုထမ်းခဲ့ကြသူများလည်း ဖြစ်လေသည်။

တပင်ရွှေထီးထံဝင်လာကာ အမှုထမ်းသော (မုတ္တမစား စောဗညား၏ယောက်ဖ) မော်လမြိုင်မြို့စား၏အမည်မှာ ဗညားဦးဖြစ်လေသည်။ ထို့ပြင် မြောင်းမြစား ဗညားလော အပြင် အခြား ဗညားအိန်၊ ဗညားကျန္တ စသော ပုဂ္ဂိုလ်တို့သည် တပင်ရွှေထီးလက်ထက်၌ ထင်ရှားသော ဗညားဘွဲ့တပ် ပုဂ္ဂိုလ်များဖြစ်ကြလေသည်။

ဆင်ဖြူများရှင် ဘုရင့်နောင်၏လက်ထက်တော်၌ကား ယခု ရာဇာဓိရာဇ်အရေး တော်ပုံကျမ်းပြုအမတ်ကြီး ဗညားဒလအပြင် ဗညားလော၊ ဗညားကျန်းထော၊ ဗညားစက်၊ တုရင်ဗညား၊ ဗညားဦး၊ ဗညားအိန္ဒ၊ ဗညားပရူ၊ ဗညားသေဉ်၊ ဗညားဘယ၊ ဗညားပတ်၊ ရာဇဗညား၊ ဗညားအရိန္ဒမ စသည်ဖြင့် အရေးပါလှသည့် ဗညားဘွဲ့တပ် အမှုထမ်းအများ အပြားပင်ရှိခဲ့လေသည်။

ထို့ပြင် ဘုရင့်နောင်က 'အောက်ဖြစက္ကိအား ဗညားဟူသောအမည်နှင့် ဒဂုံမြို့ကို ပေးတော်မူသည်' ဟု မဟာရာဇဝင်ကြီး၊ ဒု–နှာ ၄၂၄ ၌တွေ့ရသည်။

ကုန်းဘောင်ခေတ် မွန်ဘုရင်တို့၏ အမှုထမ်းများတွင်လည်း ဗညားဘွဲ့တပ် ပုဂ္ဂိုလ်ပေါင်းအများပင် ပါဝင်လေသည်။ ကုန်းဘောင်ခေတ် အလောင်းဘုရား၏ စောစော ပိုင်းဘွဲ့ရ ၆၈ ဦးတို့တွင် 'တော်အိုင်' ဆိုသူအား အလောင်းဘုရားက 'ကျန္တဗညား' ဟူသော ဘွဲ့ဖြင့် ချီးမြှင့်ခဲ့ပုံကိုတွေ့ရသည်။ ထိုသူမှာ မွန်လူမျိုး အမျိုးအနွယ်ဖြစ်လိမ့်မည်ဟုလည်း ထင်ရပေသည်။

ဗညားဘွဲ့အမည်တပ် အဘယ်မျှ များခဲ့သနည်း။ အဘယ်မျှ ခေတ်စားခဲ့သနည်း ဆိုလျှင် တစ်ခါတစ်ရံ ဗညား မည်သူ မည်သူ ဟူ၍ တစ်ဦးစီ ခေါ်ဝေါ်ရေးသားမှုမပြု တော့ဘဲ 'ဗညားဘယ်နှဦးဟူ၍လည်းကောင်း၊ လူတန်းစားတစ်ရပ်သဖွယ် 'ဗညားများ' ဟူ၍လည်းကောင်း သုံးနှုန်းသည်များကိုပင် တွေ့ရလေသည်။

"..... ဗညား သုံးဦးတို့ပြေးလေရာ၊ 'ရအောင် ဖမ်းလေ' အမိန့်တော်ကို ဦးထိပ် ရွက်၍ ကျွန်တော်တို့ လိုက်လာရာမှာ ..."

အိမ်ရှေ့မင်းက ခမည်းတော် ဘုရင့်နောင်ထံလျှောက်စာမှ ထိုစာကို ဗညားဒလ ရေးရသည်။

.... စော်ဘွားသောင်ကြည်နှင့် ဗညား သုံးဦးတို့လည်း ...

မဟာရာဇဝင်ကြီး၊ ဒု၊ ၃၉၅

mgyoe.com

mgyoe.com
.... ပိသလောက်တွင် ဆင်ဖြူများသည် အမတ်ဗညားသုံးပါး ခံ၍နေသည်ကို...

မဟာရာဇဝင်ကြီး ဒု၊ ၄၃၄

.... လင်းဇင်းမှာ ဗညားသေည်လုံး၊ ဗညားပရံ၊ ဗညားကျန်း၊ ဗညားဗြ။ ဤဗညားလေးဦးကို ...

မဟာရာဇဝင်ကြီး၊ တ၊ ၂၃

.... နေ့ညဉ့်မသိ အလျင်သွားလေဟူ၍ ဗညားများ အပြင်းသွားရလေကုန်၏ ။

ဆင်ဖြူရှင်အရေးတော်ပုံ၊ သုဓမ္မဝတီမူ၊ ၃၈၄

ဒေါဗညား

ထို့ပြင် 'ဒေါဗညား' ဟူသော အသုံးအဖွဲ့မျိုးကိုလည်း ရာဇဝင်ဟောင်းများတွင် ခဏခဏ တွေ့ရသည်။

.... ဘဝရှင်မင်းတရား ရွှေထီးလည်း ဘုရင့်နောင်ကျော်ထင်နော်ရထာ စသော မှူးတော် မတ်တော်၊ ဒေါဗညားအပေါင်းတို့ကို ခေါ်တော်မူ၍ တိုင်ပင်တော်မူသည်။

မဟာရာဇဝင်ကြီး၊ ဒု၊ ၂၀၀

.... ထိုမှတစ်ပါး မင်းဆွေစိုးမျိုး မှူးတော် မတ်တော် တလိုင်း ရှမ်း ဒေါဗညား အပေါင်းတို့ကိုလည်း အရည်အသွေးအလျောက် လက်ဝဲ လက်ယာ နေရာမှတ်အတိုင်း နေရသည်။

မဟာရာဇဝင်ကြီး၊ ဒု၊ ၂၁၀

.... မဟာဥပရာဇာ အစရှိသော မှူးတော် မတ်တော် ဒေါဗညားအပေါင်းတို့ကို ခေါ်တော်မူ၍ (မြို့တော်သစ် တည်ထောင်ရေးကို ဆွေးနွေးတော်မူကြောင်း အကျယ်ပြဆိုသည်)

မဟာရာဇဝင်ကြီး၊ ဒု၊ ၃၇၆

ဆင်ဖြူများရှင်အရေးတော်ပုံ ၃၉၁၊ ၄၁၀၊ ၆၀၀ တို့၌လည်း ထိုသဘောဆင်ဆင် သုံးစွဲထားပုံများကို တွေ့ရသည်။

ယင်း 'ဒေါဗညား' ကို ဟာလီဒေး၏အဘိဓာန်၌ 'ဒဲဗညာ' ဟုရေးသည်။ Teo Penye ဟုလည်း အသံထွက်၍ ပြသည်။ မှူးကြီး မတ်ကြီးနှင့် အထက်တန်းစား (အထက်တန်းလွှာ၊ ကြီးမြင့်သူ) ဟုလည်း အနက်ဖော်ထားလေသည်။
mgyoe.com

mgyoe.com

ဒလနှင့် တလ

လက်ရှိ ပုံနှိပ်မူ ရာဇဝင်အစောင်စောင်တို့တွင် အချို့စာအုပ်၌ ဒလ–ဟုတွေ့ရသည်။ အချို့စာအုပ်၌ တလ–ဟုတွေ့ရသည်။ မဟာရာဇဝင်ကြီး တစ်ကျမ်းတည်းမှာပင် ပထမအုပ်၌ တလမြို့ဟု အကြိမ်ကြိမ်တွေ့ရသော်လည်း ဒုတိယအုပ်၌ကား ဒလမြို့ဟု အကြိမ်ကြိမ်တွေ့ရပြန်လေသည်။ ရေးသူကား ဦးကုလားတစ်ဦးတည်းသာတည်း။ ထို့ကြောင့် လက်ရှိပုံနှိပ်မူများကိုကြည့်ကာ မူလရေးသူ၏အကြိုက်ကို သိနိုင်ရန်မလွယ်ကြောင်း ထင်ရှားပေသည်။

ရှေးဟောင်းကျောက်စာများတွင် တိလ္လ ဟု ခေါ်ဆိုရေးသားလေ့ရှိလေသည်။ ခေတ်လယ်မွန်၊ နှောင်းခေတ်မွန် တို့ကမူ ယင်း တိလ္လ ကို တီလဟူ၍လည်းကောင်း၊ တ္လိ ဟူ၍လည်းကောင်း၊ တလ ဟူ၍လည်းကောင်း၊ တ္လ ဟူ၍လည်းကောင်း ခေါ်ဆိုရေးသားလေ့ရှိကြလေသည်။

မြစေတီကျောက်စာ (က) မွန်မျက်နှာ ကြောင်းရေ ၁ ၌ ဘလ္လေယ် ဟုတွေ့ရသည်။ ယင်းကြောင်းရေ ၁၅–၁၆–၁၈–၂၁ တို့၌လည်းကောင်း၊ ယင်းကျောက်စာ (ခ) ကြောင်းရေ ၁၉–၂၀–၂၁–၂၄–၂၈ တို့၌လည်းကောင်း တိလ္လ ဟူသောပုဒ်ကို တွေ့ရလေသည်။

ပုဂံဖက်လိပ် ဘုရားကျောက်စာ၌ တိလ္လယ် ဟုတွေ့ရသည်။ ပုဂံကျန်စစ်သား အတ္ထုပ္ပတ်ကျောက်စာ၊ ပြည်ရွှေဆံတော်ဘုရားကျောက်စာ စသည်တို့၌ တလ္လေယ် ဟူသော ပုဒ်ကို စာကြောင်းရေများစွာတို့၌ တွေ့ရသည်။ (ရွှေစည်းခုံကျောက်စာ က–မျက်နှာ တစ်ခုတည်းတွင် တလ္လေယ် ဟု ၃၆–ကြိမ်မျှ တွေ့ရသည်)

ဤသို့လျှင် ရှေးဟောင်းမွန်ကျောက်စာတို့၌ တိလ္လ၊ တိလ္လယ်၊ တိလ္လေယ် စသည်ဖြင့် တွေ့ရလေသည်။

မြစေတီကျောက်စာ မြန်မာမျက်နှာကြောင်းရေ ၁ ၌ 'ပုရှာသခင်' ဟူသောပုဒ် ပါလေသည်။ ယင်းကို မွန်မျက်နှာကြောင်းရေ ၁ ၌ 'ဗုဒ္ဓတိလ္လေယ်' ဟု တွေ့ရလေသည်။ ထို့ကြောင့် ရှေးပုဂံခေတ်ကပင် မွန်ဘာသာ 'တိလ္လေယ်' ကို မြန်မာဘာသာ 'သ္ခင်' ဟု ပြန်လေ့ရှိကြောင်း၊ မြန်မာဘာသာ 'သ္ခင်' ကို မွန်ဘာသာ 'တိလ္လေယ်' ဟု ပြန်လေ့ရှိကြောင်း သိရသည်။

ဆရာကြီး ဦးဖေမောင်တင်၏ ရွှေစည်းခုံ မွန်ကျောက်စာ ဘာသာပြန် (နောက်ဆက်တွဲ မွန်အဘိဓာန်) ၌လည်း တလ္လ (တလ၊ တီလ) အရှင်သခင်ဟု ပြဆိုထားသည်ကို တွေ့ရပေသည်။

ထို့ကြောင့် တလ ဆိုသည်မှာ အရှင်၊ သခင်၊ အရှင်မြတ်၊ သခင်ဘုရား၊ တော်

mgyoe.com

mgyoe.com
ကြီးဘုရား စသည်တို့နှင့် အနက်တူဖြစ်ကြောင်း သိရသည်။

ယင်းတလ္လ၊ တလ စသောပုဒ်များကို ဒထွေးအက္ခရာသို့ ပြောင်း၍ရေးခြင်းကား နောက်မှရေးခြင်းဖြစ်ကြောင်း ထင်ရှားသည်။ (ဟာလီဒေး၏ အဘိဓာန်၌ ဒ နှင့်ရေးသမျှကို တ–သံထွက်ထားလေသည်။ ထို့ကြောင့် အသံရင်းမှာလည်း တ–သံသာဖြစ်ကြောင်း ထင်ရှားသည်။)

ထို တလ (ဒလ) ဟူသောအမည်သည်လည်း မွန်လူမျိုးတို့၏ အထက်တန်းလွှာ၌ အစဉ်အဆက် ရေပန်းစားခဲ့သော အမည်ဖြစ်လေသည်။

ဥပမာ – ရာဇာဓိရာဇ်၏သမီးတော် ဒလမည်သီရိ၊ ဒလမည်ဒေါနှင့် တလမည်ကျော် (ရာဇာဓိရာဇ်အရေးတော်ပုံ ၂၅၊ ၃၇၊ ၃၉၊ ၄၁၊ ၁၀၃၊ ၁၃၄၊ ၂၆၊ ၃၇၊ ၅၈၊ ၁၃၇၊ ၁၇၃၊ ၁၇၄၊ ၁၈၆ စသည်။)

ရာဇာဓိရာဇ်၏ သမီးတော် 'တလမည်းကြိုး'

*အလောင်းဘုရားအရေးတော်ပုံ ၂–စောင်တွဲ ၁၁၀*

ဗညားနွဲ့ နန်းတက်သောအခါ အမတ်ကြီး ဇိပ်ဖြဲ၏သမီး မွေမသင် (မေ့ဝံသင်) ကို 'တလသုတမာယာ' ဟူ၍ အမည်ပေးကြောင်း ရာဇာဓိရာဇ်အရေးတော်ပုံ ပြဆိုသည်။

ထို့ပြင် သမိန်တိသကုမ္ဘာကတော်အား 'တလနှင်းဗျည်း' ဟု အမည်ပေးကြောင်း ရာဇာဓိရာဇ်အရေးတော်ပုံမှာပင် ပြဆိုသည်။

ထို့ပြင် ရာဇာဓိရာဇ်၏ဇနီး 'တလနှင်းသီရိ' (အရေးတော်ပုံ ၁၈၃)၊ ဗညားသည်၏မိဖုရား 'မည်တလစောလွန်' (၁၈၃) ဗိုလ်မင်းဖြတ်ဇမယား 'တလမည်ပိုက်' (၂၇၈) စသည်ဖြင့် များလှစွာ၏။

မွန်စစ်သူကြီး တလပန်းကို ဒလပန်းဟုလည်း ရေးကြသည်။

## ဗညားဒလ

'ဗညား' ဟူသောပုဒ် 'ဒလ' (တလ) ဟူသော ပုဒ်များ၏ အနက်ကို ပြခဲ့ပြီးဖြစ်သဖြင့် ဗညားဒလဟူသော နှစ်ပုဒ်ပေါင်း၏အနက်ကို သီးခြားပြနေရန် မလိုပါပြီ။ သိလောက်ပေပြီ။

ထိုဗညားဒလဟူသော ဘွဲ့အမည်ကိုကား မြင့်မားသော အရည်အသွေးရှိသည့် ပုဂ္ဂိုလ်များနှင့် အထက်တန်းစား သွေးသားများကိုသာ ပေးလေ့ရှိခဲ့ပုံကို တွေ့ရသည်။

ရာဇာဓိရာဇ်၏ သားတော်တစ်ပါးမှာ ဗညားဒလ အမည်ရှိသည့်ပြင် တိုက်ရှည်ခိုက်ရှည်လည်း ရှိသူဖြစ်လေသည်။ ဗညားဒလသည် မင်းရဲကျော်စွာနှင့် မိမိခမည်းတော်
mgyoe.com

mgyoe.com
ရာဇာဓိရာဇ်တို့၏ နောက်ဆုံးတိုက်ပွဲတွင် ဒလမြို့၏အနီးမှနေကာ သီရိမရန်ဟူသော ဆင်ကိုစီး၍ တိုက်ခိုက်ခဲ့သည်။ မင်းရဲကျော်စွာ ကျဆုံးပြီးနောက် ခမည်းတော်က သူ့အား ဒလမြို့တွင် စောင့်နေစေသည်။ ဘုရင်မင်းခေါင် ဒလမြို့ကို လာရောက်တိုက်ခိုက်ရာတွင် ဗညားဒလ မြို့ခံကောင်းသဖြင့် ဆုတ်ခွာသွားရကြောင်း ရာဇဝင်တွင် ပြဆိုထားလေသည်။

တပင်ရွှေထီး၊ ဘုရင့်နောင်တို့နှင့် အကြိမ်ကြိမ်တိုက်ပွဲဆင်ခဲ့သော မွန်ဘုရင် သုရှင်တကာရွတ်ပိ၏အမတ် စစ်သူကြီးအမည်မှာ ဗညားဒလဖြစ်လေသည်။

ပေါ်တူဂီလူမျိုး ငဇင်ကာ ခေါ် ဖိလစ်–ဒီ–ဘရစ်တို့၏ သမီးနှင့် မိမိ၏သားကိုလည်းကောင်း၊ မိမိ၏သမီးနှင့် ဖိလစ်–ဒီ–ဘရစ်တို့၏သားကိုလည်းကောင်း အပြန်အလှန်ပေးစားကာ မဟာမိတ်ပြုခဲ့သော မုတ္တမစား၏အမည်မှာလည်း ဗညားဒလပင်ဖြစ်လေသည်။

ကုန်းဘောင်ခေတ်တွင် မွန်ဘုရင်၏ညီတော် စစ်သူရဲကောင်း ဗညားဒလသည် မွန်စစ်ခေါင်းဆောင်အဖြစ် အလောင်းဘုရား၏တပ်တော်များနှင့် အကြိမ်ကြိမ်တိုက်ခိုက်ခဲ့သူဖြစ်လေသည်။

မြို့ခံကောင်းလှသည်ဟု ကျော်စောထင်ရှားသော စစ်သူရဲကောင်းတစ်ဦးလည်းဖြစ်လေသည်။ (အလောင်းဘုရားအရေးတော်ပုံ၊ ၉၇)

မိမိနောင်တော်ဘုရင်ကိုယ်တိုင် အလောင်းဘုရားထံ အညံ့ခံလိုက်ပြီဖြစ်သော်လည်း အညံ့မခံဘဲ ရဲဝံ့စွာ စွန့်စားတိုက်ခိုက်ခဲ့သူဖြစ်လေသည်။ (ယင်း၊ ၁၂၉)

သို့သော် အရေးမလှသည့်နောက်ဆုံးတွင် စစ်သူကြီး တလပန်းထံ သွားရောက်ရာမှ တလပန်းက သတ်ဖြတ်ပစ်လိုက်သည်ကို ခံသွားရရှာလေသည်။ (ယင်း ၁၃၂)

မွန်တို့ဘက်မှ ဝင်ရောက်လာသည့် ဒေါ်စွယ်ရစက် ခေါ် စစ်ခေါင်းဆောင်တစ်ဦးအား အလောင်းဘုရားက ဗညားဒလဟူသော ဘွဲ့ကို ပေးတော်မူသည်ဟု ရာဇဝင်၌ ပြဆိုလေသည်။ (ယင်း၊ ၁၀၀)

ဤသို့လျှင် သမိုင်းတစ်လျှောက်၌ ဗညားဒလ ဘွဲ့ရပုဂ္ဂိုလ်ပေါင်း အများအပြားရှိသည့်အနက် အရည်အချင်းအရှိဆုံးနှင့် အထင်ရှားဆုံးပုဂ္ဂိုလ်ကြီးကား ရာဇာဓိရာဇ်အရေးတော်ပုံ ခေါ် အတ္ထုပ္ပတ္တိကျမ်းကို မွန်ဘာသာမှ မြန်မာပြန်ခဲ့သည့် အမတ်ကြီးပင်ဖြစ်ပေသည်။

ထိုအမတ်ကြီးသည် မွန်၊ မြန်မာ၊ ရှမ်း၊ ကရင်၊ ကချင် စသော တိုင်းရင်းသားအားလုံးတို့၏ သွေးစည်း ချစ်ကြည်ရေးကို ဆောင်ရွက်ခဲ့သော ဘုရင့်နောင်မင်းတရားကြီး
mgyoe.com

၏ ပြည်ထောင်ဘက်အဖြစ် နှလုံးရည်အားဖြင့်လည်းကောင်း၊ လက်ရုံးရည်အားဖြင့်လည်းကောင်း ပဓာနကျကျကြီး ပါဝင်ခဲ့ပေသည်။ ထိုအမတ်ကြီး၏ ရာဇာဓိရာဇ် အရေးတော်ပုံကျမ်းသည် ယနေ့တိုင် မြန်မာစာပေအတွက် ကျေးဇူးပြုလျက်ရှိပါပေသည်။ ။

စာပြီးနှစ်–၁၃၃၄

mgyoe.com

mgyoe.com

# ရာဇာဓိရာဇ်အရေးတော်ပုံမှ မြန်မာ့အတွေးအမြင်နည်း

ဦးသော်ဇင်

'အတွေးအမြင်နည်း' ဟူသောစကားမှာ အနက်အဓိပ္ပာယ်သုံးချက် ထွက်ပေါ်နေသည်။ ယင်းသို့မှာ တွေးတောကြံဆခြင်း၊ တွေ့မြင်ကြည့်ရှုခြင်းနှင့် နည်းနာနယတို့ဖြစ်ကြ၏။ ပါဠိ–သက္ကတဘာသာတို့အလိုအားဖြင့် တက္ကဒဿနနှင့် နယတို့ပင်ဖြစ်မည်။

အတွေး ဆိုသည်မှာ ကြံစည်ခြင်း၊ စဉ်းစားခြင်း၊ စိတ်ကူးခြင်း၊ ဆင်ခြင်သုံးသပ်ခြင်းဟု အဓိပ္ပာယ်ရှိသော တက္ကဖြစ်သည်။ ရှေးမြန်မာတို့သည် တက္ကကို တက်ကျမ်းဟု ခေါ်ကြ၏။ အသင့်ယုတ္တိအားဖြင့် တွေးဆ ဆင်ခြင်သော လောဂျစ်ပင်ဖြစ်၏။

အမြင်ဆိုသည်မှာ တွေ့မြင်ကြည့်ရှုသုံးသပ်ခြင်းအနက်ရှိသော ဒဿနဖြစ်သည်။ ဒဿနကို ဟိန္ဒူတို့က ဖီလိုဆိုဖီဟု ပြန်ဆိုကြ၏။ ရှေးမြန်မာတို့ကမူ ပရမတ္ထသဘောတရားဟု ခေါ်ဆိုကြ၍ ယခုအခါ အဘိဓမ္မာအဖြစ် ထင်ရှားနေသည်။

နည်းဆိုသည်မှာ အနက်အဓိပ္ပာယ်ကို သိကြောင်းဖြစ်သော နယဖြစ်၏။ ယင်းနယကို သက္ကတဘာသာ၌ န္យာယဟုခေါ်၏။ န္យာယဒဿနသည် အနုမာန၊ ပစ္စက္ခ၊ ဥပမာန၊ သဒ္ဒ ဟူသော အတိုင်းအတာပမာဏလေးမျိုးဖြင့် သဘောတရားကို လက်ခံသောအဘိဓမ္မာဖြစ်သည်။ တောင်တွင်းဆရာတော် ခင်ကြီးပျော်သည် နည်းစစ်အမည်ရှိသော ကျမ်းကို ပြုစုခဲ့၏။ ထိုတွင် နည်းပေါင်း ငါးဆယ့်ငါးနည်းပါဝင်၏။ ဆရာတော်ဦးဗုဓ်၏ နယမုခဒီပနီကျမ်းနှင့် တွဲစပ်လိုက်ပါလျှင် နည်းတစ်ရာရှိ၏။

ဤသို့လျှင် မြန်မာ့အတွေးအမြင်နည်းမှာ စကားနက်သုံးချက်ပေါ်ထွက်နေသည်။ ထိုနည်းအချို့ကို ရာဇာဓိရာဇ်အရေးတော်ပုံကျမ်းမှ ကောက်နုတ်ဖော်ပြပါမည်။ သို့ဖြင့် မြန်မာတို့တွင်လည်း ရှေးအခါက တွေးတောကြံဆခြင်းတက္ကရှိခဲ့ကြသည်။ အမြော်အမြင်

mgyoe.com

mgyoe.com
အယူအဆ ဒဿနရှိခဲ့ကြသည်။ သဒ္ဒါအနက်တို့ဖြင့် အဓိပ္ပာယ်ကိုသိကြောင်း နည်းနာနယရှိခဲ့ကြသည်ကို သိစေရန်ဖြစ်သည်။ အထူးသတိပြုစေလိုသည်မှာ ရေးကမြန်မာတို့သည် ရေးကမြန်မာတို့လိုပင် တွေးမြင်ကြမည်ဆိုသည့်အချက် ဖြစ်ပါသည်။ ဂရိတို့သည် ဂရိလိုတွေး၍ ဟိန္ဒူတို့သည် ဟိန္ဒူလိုတွေးကြသည်။ ထို့အတူ မြန်မာတို့လည်း မြန်မာလိုပင် တွေးမြင်ခဲ့ကြပါသည်။ ထိုအတွေး အမြင်တို့လည်း သိပ္ပံပညာနှင့် စပ်ယှဉ်လျက်ရှိကြောင်းကို နောက်ပိုင်းတွင် တွေ့မြင်ရပါမည်။

သက္ကရာဇ် ၇၁၁ ခုနှစ်တွင် ဆင်ဖြူရှင်ဗညားဦးသည် ပဲခူးတွင် မင်းပြု၏။ ထိုမင်း၏မိဖုရား သီရိမာလာမှ သားတော်တစ်ပါး ဖွားမြင်၏။ အမည်မှာ ဗသုန်ဗန်စက် ဖြစ်၏။ ထိုမင်းသားကို ခမည်းတော်မင်းကြီးက 'ဗသုန်ဗန်စက်ကား ငါ့သားဟုတ်မှန်သည်တည်း။ ငါ့ကို မတူစွာရှိ၏။ ဦးခေါင်းဖွံ့သည်။ ဆံတွန့်သည်၊ ခြေလက်ကြမ်းသည်၊ သလုံးသားကြီးသည်၊ ရက်စက်ကြမ်းကြုတ်မည့်လက္ခဏာဆင်၏ ဟု မပြတ်အထပ်ထပ်ဆိုတော်မူ၏။ သို့ဖြင့် ဤတွင် အတွေးအမြင်ပညာရှင်အဖြစ် ပြယုဂ်ထုတ်မည့်မင်းသား၏အသွင်ကို ဆင်ခြင်နိုင်၏။ ထိုမင်းသားသည် နောင်အခါ ပင်တိုင်စံအပျိုကြီးဖြစ်သော အရီးတော် မဟာဒေဝီ၏ အကူအညီဖြင့် ဗညားနွဲ့ဟူသောဘွဲ့မည်ကို ရခဲ့သည်။

တစ်နေ့တွင် မင်းသား ဗညားနွဲ့သည် ဥပဂုတ် (ဥသဂုတ်ဟုလည်း တွေ့ဖူးသည်) ဘုရားနှင့် မြို့ကျုံးအကြားတွင် သူကောင်းသားတို့ ပလီကစားကြသည်ကို ကြည့်နေ၏။ ထိုစဉ်တွင် ဥပဂုတ်ဘုရားခြေရင်းတွင် ထူးခြားသော အဝတ်တန်ဆာကိုဆင်လျက် ပေါင်းမြက်သုတ်သင်နေသူတစ်ဦးကို တွေ့မြင်ရ၏။ မင်းသားသည် ဤနေရာသို့ မကြာမကြာရောက်ခဲ့ဖူး၏။ သို့ရာတွင် ဤသို့သောသူမျိုးကို တစ်ခါမျှ မတွေ့မမြင်ဖူး၍ အနားသို့သွားကာ "အစ်ကို ဘယ်သူနည်း၊ ဘယ်ကလာပါသနည်း' ဟု မေး၏။

ထိုသူက "သာသနာ့ဒါယကာ၏သားတော်ကို ပြောစရာရှိ၍ နိဂြောဓဂေဟာမှ လာခဲ့ပါသည်။ မင်းသားသည် အမှန်ပင် မင်းဖြစ်မည်။ ယနေ့မှစ၍ ငါးပါးသီလဆောက်တည်ပါ။ အနောက်အရပ်မှ မိတ်ကောင်းရပါလိမ့်မည်။ ဒဂုံဘုရားသို့ရောက်သောအခါ သုတာပန္နံကို ဒဂုံမင်းလွှတ်သည့် ပလာဟူသောအရပ်တွင် ရှင်သာမဏေတစ်ဦး ထူးထူးခြားခြား စကားပြောကြားပါလိမ့်မည်၊ စကား၏အဓိပ္ပာယ်ကို မင်းသားဖော်နိုင်ပါလိမ့်မည်၊ ထို့နောက် ထိုသာမဏေသည် နွားကျောင်းသားအဖြစ်နှင့်လည်း ထူးထူးခြားခြား စကားပြောကြား၍ မင်းသားဖော်နိုင်ဦးမည်။ ထိုသူသည် တစ်ဖန် ရှင်သာမဏေဖြစ်ပြန်ပြီး ထူးထူးခြားခြား စကားပြောကြားရာ မင်းသားပင် ဖော်နိုင်မည်။ မင်းသားသည် ထိုသူကို အနီးအပါးမှာထား၍ တိုင်ပင်ဖော် တိုင်ပင်ဖက်ပြုပါလေ" ဟု ပြောကြားပြီး ပျောက်ကွယ်
mgyoe.com

mgyoe.com

သွား၏။

မင်းသားဗညားနွဲ့မှာ ကြက်သီးမွေးညင်းထကာ ကျန်ရစ်၏။ ထို့နောက် ဆင်စီးကာ ပြန်လာခဲ့ပြီး မိမိအချိတော် မသောက်အား အလုံးစုံအကုန်ပြောကြားပြီး တိုင်ပင်ဆွေးနွေး၏။ နောက်တစ်နေ့တွင် မသောက်ကို အဆိုပါ ပလာအရပ်သို့စေလွှတ်ပြီး စုံစမ်းစေ၏။

ပလာအရပ်သို့ မသောက် ရောက်သောအခါ ဗုဒ္ဓဉာဏအမည်ရှိသော ရှင်သာမဏေတစ်ပါးသည် ဆရာဘုန်းကြီးစေခိုင်းသည့်အတွက် ကျောင်းဒကာ ဖျားနာသည်ကို မေးရာမှ ပြန်လာ၏။ ထိုအခါ ကျောင်းဒကာနှင့် ခင်မင်ရင်းနှီးသော တလစ္ဆာဂရန်ဆိုသူသည် ကြက်တိုက်နေရာမှ "ကျောင်းဒကာ၏ အနာရောဂါ မည်သို့ရှိပါသနည်း" ဟုမေး၏။

ရှင်သာမဏေက "ကျောင်းဒကာ ဖျားနာနေသည်မှာ ဂ–ဟူလည်း ဂ–မဟုတ်၊ ရာဟု–ဟူလည်း ရာဟု–မဟုတ်၊ ကျွဲထွန်ယောက်ျား ကန်သင်းထောင့် ရောက်လျှင် နှင်တံမိုး၍ မောင်း၏သို့လည်းကောင်း၊ ဆီးကင်းကို မိုး၍ချ၏သို့လည်းကောင်း ကျောင်းဒကာ၏ရောဂါ ရှိပေသည်" ဟုဖြေဆို၏။

"သည်မောင်ရှင်သည် စကားကတ် စကားဆန်းတို့ကိုဆိုသည်၊ နားမလည်သာ" ဟု ကြက်ပွဲတွင် လူအများက ပြောကြ၏။

မသောက်သည် ထိုရှင်သာမဏေပြောကြားသည့်စကားကို ကောင်းစွာ မှတ်သားပြီးလျှင် မင်းသားထံပြန်သွားပြီး ပြောကြား၏။

မင်းသားလည်း ရတနာသုံးပါးကိုပူဇော်ပြီး "ငါသည် မင်းဖြစ်မည် မုချမှန်ပါလျှင် ဤစကားကို ဖြေကြားနိုင်ပါစေသတည်း" ဟု စိဋ္ဌာန်ကာ ဖြေဆို၏။

ဂ–အက္ခရာကိုရေးပြီး ဂ–လည်းမဆိုရ၊ ရာဟုလည်း မဆိုရသော် 'အစ်' ဖြစ်မည်၊ ကျွဲထွန်တို့သည် ဖြောင့်ဖြောင့်နှင်သော် 'ကွပ်' ဟူသည်၊ အထောင့်တိုင်လှည့်သော် 'ဇေ' ဟူသည်၊ ဆီးကင်းရှိကို မိုး၍ချမှာ 'ဝ' ကို ရေးချဆိုသဖြင့် 'ဝါ' ဖြစ်သည်။ ဤသုံးလုံးကို ပေါင်းသော် အစ်ဇေဝါ (အဇ္ဇေဝါ) ဖြစ်သည်။ အဓိပ္ပာယ်ကား ကျောင်းဒကာသည် ယနေ့ကို မလွန်ပြီဟု မောင်ရှင် ဆိုရာသည်ဖြစ်မည်။

မင်းသားသည် ယင်းသို့ဖြေဆိုပြီး မိမိအဖြေ မှန် မမှန် သိရအောင် တစ်ဖန် မသောက်ကို စေလွှတ်လိုက်ပြန်၏။ ကျောင်းဒကာ သေလွန်နှင့်သည်ကို တွေ့ရ၏။ မင်းသားသည် မိမိအဖြေမှန်သဖြင့် လွန်စွာ နှစ်သက်ကြည်နူး ရွှင်မြူးသွား၏။

ဗညားနွဲ့ ဖြေဆိုသောနည်းမှာ 'နည်းစစ်' အလိုအားဖြင့် မြွေရေလဲနည်းနှင့်

mgyoe.com

mgyoe.com
ဆင်ဆင်တူ၏။ မြွေသည် အရေသစ်ကိုရသဖြင့် အရေဟောင်းကို စွန့်သကဲ့သို့ အနက်သစ်ကိုရသဖြင့် အနက်ဟောင်းကို စွန့်သောနည်းသည် မြွေရေလဲနည်းမည်၏။ ယင်းကို ပါဠိလို တစောသဓ္ဓနည်းဟုခေါ်၏။ ဤနည်းကိုမှီး၍ လူပြက်များ ပြက်လုံးထုတ်ကြ၏။ နျာယဒဿနအမြင်ဖြင့် ကြည့်ပါလျှင် အနုမာန မျက်ရမ်းဆသည့် အတိုင်းအတာပမာဏဖြင့် အနက်အဓိပ္ပာယ် ကောက်ယူခြင်းဟု ဆိုနိုင်၏။

မကြာမီရက်အတွင်းမှာ ရှင်ဗုဒ္ဓဉာဏ လူထွက်ရ၏။ အကြောင်းကား တလခွာဂရန်၏ထံတွင် အစေခံနေသော ရှင်ဗုဒ္ဓဉာဏအစ်ကို ထွက်ပြေးသောကြောင့် ဖြစ်၏။ ထိုအခါ တလခွာဂရန်သည် သူ၏အမိကို စွဲကိုင်တောင်းဆို၏။ ရှင်ဗုဒ္ဓဉာဏ ကြားသိလျှင် "ငါ့အမိကိုယ်စား ငါ့ကိုစေပါလေ" ဟု ဦးရိုးတော်ဆရာအား ခွင့်ပန်၏။ ဆရာလည်း "ဤနှစ်၌ သစ်သီးဝလံ မသီး၍ ငါမပေးရ၊ မွေးသည့်အမိကို ကျေးဇူးဆပ်မည့်ဆိုသည်ကား ကောင်းလှ၏" ဟု ခွင့်ပြု၏။ ထိုအခါ ရှင်ဗုဒ္ဓဉာဏသည် လူထွက်၍ တလခွာဂရန်ထံတွင် အစေခံရ၏။ အမိမှာ ဝါကမော့သူဖြစ်၍ ဝါကမော့သို့ ပြန်နေ၏။

ရှင်ဗုဒ္ဓဉာဏ လူထွက်လျှင် 'မင်းကံစီ' ဟုအမည်တွင်လျက် နွားကျောင်းရ၏။ တတ်ကျွမ်းလိမ္မာသောကြောင့် နွားကျောင်းသားအများတွင် အကြီးအမှူး ဦးစီးပြုလုပ်ရ၏။

မင်းသားသည် အချီတော်မသောက်ကို တစ်ဖန်လွှတ်၍ စုံစမ်းစေပြန်၏။ ပလာအရပ်သို့ရောက်သောအခါ ခရီးပန်းသောကြောင့် စောကန်မင်းကြီးအနီး၌ အပန်းဖြေနားနေ၏။ ထိုအခါ ထူးထူးခြားခြားစကားကို ကြားရပြန်၏။

တလခွာဂရန်သားက 'ဟယ်ငကံစီ မင်းနွားကိုကြည့်ပါလော့' ဟုဆိုသဖြင့် မင်းကံစီသည် ညောင်ပင်ထက်သို့ တက်၍ကြည့်၏။ မြစ်ယံနား၌ မြက်စားနေသောနွားကို မြင်မှ ပြန်ဆင်း၏။ အဆင်းတွင် သစ်ခွကြားရှိ မြွေကို လွှန်၍ အောက်သို့ ရောက်လာ၏။

နွားကျောင်းသားတို့က "နွားကို မြင်ပါ၏လော" ဟုမေးကြ၏။

ထိုအခါ မင်းကံစီက "မမြင်၍သာ ငါ မြင်သည်၊ မြင်ပြီးတကား ငါမမြင်ချေ" ဟုဖြေဆို၏။

"ငကံစီသည် ခဲကတ်သောစကားကို ဆိုသည်၊ ငါတို့ နားမဝင်သာ" ဟု နွားကျောင်းသားတို့က ပြောဆို ပြစ်တင်ကြ၏။

မသောက်လည်း ထို ထူးထူးခြားခြား စကားကိုကြားရလျှင် ကောင်းစွာ မှတ်သားထားပြီး စေစေ့နှလုံးသွင်း၍ ကြည့်သည်တွင် ယခင်တစ်ခါက ကျောင်းဒကာ မမာမကျန်းဖြစ်သည်ကို သွား၍မေးသော မောင်ရှင်ပင်ဖြစ်ကြောင်း သိရ၏။

မင်းသားသည် မသောက်၏စကားကို ကြားရလျှင် ရှေးနည်းအတိုင်း အဓိဋ္ဌာန်ပြီး
mgyoe.com

ထို ထူးထူးခြားခြား စကား၏အနက်ကို ဖြေဆို၏။

လုလင်သည် နွားပျောက်၍ သစ်ပင်ထက်သို့တက်ပြီး နွားကိုကြည့်မည်၊ နွားကို မြင်မှ ဆင်းသက်ခဲ့၏။ အဆင်းတွင်မှ သစ်ခွကြားမှ မြွေကိုမြင်သဖြင့် ဆိုသောစကားဖြစ်မည်။

အဓိပ္ပာယ်မှာ မြွေကို မမြင်၍သာ တက်ကြည့်၍ နွားကိုမြင်ရသည်။ အကယ်၍ တက်စဉ်က မြွေကိုမြင်ခဲ့ပါလျှင် တက်ရဲတော့မည်မဟုတ်၍ နွားကိုလည်း မြင်တော့မည် မဟုတ်ဟု ဆိုလိုခြင်းဖြစ်သည်။

ဤဖြေဆိုသောနည်းကို 'နည်းစစ်' အတွင်း 'အဝိနာဘာဝ' နည်းနှင့်နှိုင်းယှဉ်သော် အလျော်ဖြစ်မည်ထင်သည်။ အဝိနာဘာဝနည်းဆိုသည်မှာ မကင်းတတ်သည်ကို ဆိုသဖြင့် မကင်းရာကိုလည်း ရသောနည်းဖြစ်၏။ သို့မဟုတ် နာနန္တရိကနည်းဖြစ်၏။ နာနန္တရိကနည်း ဆိုသည်မှာ အကြောင်းကိုဆိုသဖြင့် အကျိုးကိုလည်း ရသောနည်းဖြစ်၏။ ဤနှိုင်းယှဉ်ချက်တို့မှာ သာမန် မှန်းဆခြင်းမျှသာဖြစ်သည်။ နည်းတစ်ရာကို သေချာစွာ စစ်ဆေးပြီး ရွေးကောက်ဖို့ လိုပါဦးမည်။

ရက်အတန်ကြာသော် မင်းကံစီ၏အမိလည်း မောင်ဖြစ်သူ နိဗ္ဗာန်ကျောင်း အရှင်သူမြတ်ထံသွား၍ အကြောင်းကြား၏။ ထိုအခါ အရှင်မြတ်သည် တူတော်ကို ရွေးယူခဲ့ပြီး တစ်ဖန် ရှင်သာမဏေပြုစေပြန်၏။ ရှင်ဗုဒ္ဓဉာဏ ဟုပင် ခေါ်တွင်၏။

မင်းသားဗညားနွဲ့လည်း အချီတော် မသောက် ကို တစ်ခေါက်စေပြန်၏။ မသောက် လည်း လိုက်လံစုံစမ်းရာ ခရီးပန်းလှသဖြင့် နိဗ္ဗာန်ကျောင်းအနီး၌ ခေတ္တနားနေ အပန်းဖြေနေ၏။ ထိုအခါလည်း တိုက်တိုက်ဆိုင်ဆိုင် ထူးထူးခြားခြား စကားကြားရပြန်သည်။

ဆရာဘုန်းတော်ကြီးက ရှင်သာမဏေတစ်ပါးအား "မောင်ရှင် ခါးပိုက်မုံ့မုံ့ရှိစွတကား၊ ပဇာကို ပိုက်သနည်း" ဟုမေး၏။

မောင်ရှင်က 'ကျွန်ုပ်ပိုက်သည်ကား သျှဝကွမ်းတည်း' ဟုဖြေ၏။

ဆရာလည်းပြုံး၍ "ငါ ဆရာမေးသည်ကိုလျက် လျှို့ဝှက်ဖုံးလွှမ်းမည်မှန်း မသိအောင် ဆိုသည်" ဟု မိန့်ဆို၏။

မသောက်လည်း ထို ထူးထူးခြားခြား စကားကို ကောင်းစွာမှတ်သားပြီး ထိုရှင်သာမဏေကို သေချာစွာကြည့်၏။ ယမန်က ရှင်ပင်တကားဟုသိလျှင် ပြန်ခဲ့၍ မင်းသားအား ပြောကြား၏။ မင်းသားလည်း ရှေးနည်းတူစွာ မိဋ္ဌာန်ပြီး ထိုစကားကို ဖြေကြား၏။

'သျှဝ' ဟူသည် တလိုင်းဘာသာတည်း။ မြန်မာပြန်သော်ကား 'ဟင်း' ဟု ဆိုလို

mgyoe.com

mgyoe.com
သည်။ 'ကွမ်း' လည်း တလိုင်းဘာသာစကားပင်။ မြန်မာပြန်သော်ကား 'သာ' ဟုဆိုလိုသည်။ အက္ခရာနှစ်လုံးပေါင်း၍ရေးသော် ဟင်းသာ (ဟသာ ဖြစ်သည်။ မောင်ရှင်သည် ခါးပိုက်၌ ဟသာကို ပိုက်လာခြင်းဖြစ်မည်။)

ဗညားနွဲ့သည် ထိုစကားကို အက္ခရ ဝိပလ္လာသနည်းနှင့် ဖြေဆိုသည်ဟုဆိုလျှင် မှားမည်မထင်ပါ။ အက္ခရ ဝိပလ္လာသနည်း–ဆိုသည်မှာ အက္ခရာတစ်ပါး ကို အက္ခရာတစ်ပါးဖြင့် ပြန်ဆိုသောနည်းဖြစ်သည်။ သို့မဟုတ် မကင်းရာသည်ဖြစ်၍ အနက်ရောက်လာသောအားဖြင့် ယူရသော အတ္ထာပန္နနည်းအားဖြင့်လည်း စဉ်းစားနိုင်သည်။ ပြည့်ပြည့်စုံစုံ ကျယ်ကျယ်ပြန့်ပြန့် နက်နက်ရှိုင်းရှိုင်း ကြံတွေးတတ်ဖို့သာ လိုသည်။ ထိုအခါ အစဉ်အလာ မြန်မာ့အတွေးအမြင်နည်းတို့သည် အချည်းနှီးမဖြစ်ကြောင်း တွေ့ရမည်။

ထို့နောက် မင်းသားဗညားနွဲ့သည် ရှင်ဗုဒ္ဓဉာဏကို နို့ဗ္ဗာန်ကျောင်းဆရာတော်ထံမှာ တောင်းယူပြီး မင်းကံစီ အမည်ဖြင့် အပါးတော်တွင်ထား၏။ ယခင်က မိမိဖြေဆိုခဲ့သောစကားတို့ကို မှန် မမှန်မေးရာ အလုံးစုံ အကုန်မှန်ကန်ကြောင်းသိရ၍ လွန်စွာ ဝမ်းမြောက်ကြည်နူးသွား၏။ ထို့နောက် မင်းသားသည် အရာရာတွင် မင်းကံစီကို တိုင်ပင်၏။ မင်းကံစီလည်း မိမိတွေးမြင်ရသမျှကို တင်ပြ၏။

တစ်ခါသော် မင်းသားသည် 'ဘယ်အရပ်သို့ သွားနေရလျှင် သာသနာတော်ကို ဆောင်ရမည်နည်း' ဟု မင်းကံစီနှင့် တိုင်ပင်၏။ ထိုအခါ မင်းကံစီက မြို့တံခါးများသို့ သွားပြီး စနည်းနာသင့်သည်ဟု အကြံပေး၏။ ထိုအကြံအတိုင်း မင်းသားသည် မင်းကံစီနှင့် ဇောမွန်ဆိုသူကိုခေါ်၍ မောတရုတ်တံခါးသို့ သွား၏။ သူငယ်အိပ်ဆိတ်ချိန်တွင် မိန်းမ သားကို ကျူးနှင့်သည်။

ဩော် .. ရှားပင်ပက်လောက်၊ ပင်မြင့်စောက်

လေးယောက်ဘုရား၊ မွေတော်ထားသည်

ရပ်ရွှေပြည်သို့၊ အရှည်မနေ၊

သွားတို့လေသည်–ရှင်မင်းသား၊

ဗညားနွဲ့က "ဤအလို ပသို့နည်း" ဟုမေးသည်။ မင်းကံစီက "လေးဆူသောဘုရားရှင်တို့ မွေတော်ထားသည့်ဒဂုံကို ဆိုလိုသည်၊ ဒဂုံသို့ သွားတော်မူ" ဟု ဖြေဆို၏။

ယင်းကသည် မောဓောတံခါးသို့ သွား၍ နာကြပြန်ရာ မိန်းမတစ်ယောက် သားကို ကျူးနှင့်၏။

ဩော် .. ဘိက္ခုနီမတည်း။

ခြေလျင်မသွားချင်၊ ဆင်ငယ်ဝယ်၍စီး

mgyoe.com

ဆင်ငယ်စားသည့်၊ အင်းနားမြက်မြေစာ
ကေသာဆံစာတ်၊ မွှေမြတ်ခြေရင်း ကပ်လေလျှင်း
မင်းဖြစ်မည်တည်း၊ ရှင်မင်းသား။

မင်းသားက မေး၍ မင်းကံစီက "သည် စနည်းအလိုသော် ကေသာဆံစာတ် ဟူသည်လည်း ဒဂုံသို့သွားတော်မူ" ဟု ဖြေဆို၏။

ယင်းကသည် ဒလေးသွတ်တံခါးသို့ သွား၍ နာကြပြန်ရာ မိန်းမတစ်ယောက် သားကိုမြှောက်၍ ဆို၏။

ပျုပျုပျုပျု၊ ဖြူလွပန်းဝတ်ဆံ
နတ်လူနှစ်လို့၊ နှင်းလာပို့သည်
ငါတို့အရှင့်သား၊ ရှင်မင်းသား။

ဤစနည်းကို မင်းကံစီက "ဒဂုံသို့သွား၍နေတော်မူက လူတို့လည်း လို၏။ နတ်တို့လည်း မ,၍ ရွှေထီး ရွှေနန်းကို နှင်းအံ့သတည်း" ဟုဖြေဆို၏။

ယင်း ကသည်ဒငေါနှင် တံခါးသို့သွား၍ နာပြန်ရာ မင်းမိန်းမတစ်ယောက် ဆိမ်းရောင်တွင် သားကို ကျူး၍ ဆို၏။

ဩော်–တလိုင်းပြည်မင်းသား
မင်းပျိုထွား၊ လေးပါးအမည်
မြို့ရွှေပြည်သို့ ငှဲဆည်မနေ
ယှဉ်လျှင်းလေ–ရှင်မင်းသား။

"မြို့အမည် လေးပါးဟူသည် ဒဂုံကို ဆိုလိုသည်၊ ပေါက္ခရဝတီ၊ ဥဿဝတီ၊ ဣသိန္နရံ၊ တြိယဂုမ္ဘ၊ သည်လေးပါးအမည်တည်း။ ဒဂုံကား ရှေးတွင်သတည်း" ဟု မင်းကံစီ ဖြေ၏။

ယင်းကသည် မလွယ်ပေါက်တံခါးသို့ သွား၍ နာကြပြန်ရာ ဤသို့ သီချင်း သီနှင့်၏။

ရှေးက ချစ်စွာဟူသည့်စကားကို မယုံနှင့်၊
လေးမည်ပြားသည့်–လေးပါးချောင်းသို့ ယှဉ်ပါလေ
ဟံသာနန်းမ ဦးကင်သထက် စံလျက် ဗိုလ်ရှုခံရမည်။

"သည်စနည်းအလိုသည် အရိုးတော်ကို အချစ် မယုံနှင့်ဟု ဆိုလိုသည်၊ ချောင်း လေးမည်ဆိုသည်လည်း ဒဂုံကိုပင် ဆိုသည်။ ချောင်းအမည်ကား သတန်ချောင်း၊ ရှိရှားချောင်း၊ စွယ်ရှည်ချောင်း၊ ဥဗျိုင်းချောင်း ဟူ၍ ချောင်းအမည် လေးပါးတည်း။ ဒဂုံတွင်

mgyoe.com

mgyoe.com
လေးရပ်ရှိသည်။ သည်အရပ်သို့ ယှဉ်တော်မူ၊ အထွတ်အမြတ်သို့ ရောက်တော်မူအံ့ ” ဟု မင်းကံစိ ဖြေဆို၏။

ယင်းကသည် ဗျာဒိတ်ခါးသို့သွား၍ နာကြပြန်လေရာ မိန်းမတစ်ယောက် သားကို ကျူးနှင့်၏။

ဩော်–ရှိရှားပင်ကြီး မထိဘဲ သေ
နက်ရောင်ပြေသည် မဝေးတောခွင်
ဆံတော်ရှင်သို့ အလျင်သွားမှ
မင်းသား အလိုပြည့်မည်။

“သည်စနည်းတဘောင်အလိုသည် ဒဂုံသို့ အလျင်သွားလေဟူ၍ နတ်တို့က နှိုးဆော်ပေသည်” ဟု မင်းကံစိက လျှောက်၏။

သက္ကရာဇ် ၇၄၅ ခု၊ နယုန်လဆန်း ၃ ရက်နေ့။

ဗညားနွဲ့သည် ပဲခူးက ထွက်၏။ မိုးသောက်လျှင် ဇရွဲဖျားသို့ ရောက်၏။ မော ညတ်တွင် နံနက်စာ စား၏။ ည ၃–ချက်တီးလောက်တွင် ဒဂုံသို့ရောက်၏။ ထို့နောက် မင်းသည် လူယုံတော်တို့ကို ပဲခူးသို့စေလွှတ်ပြီး စနည်းနာစေ၏။ ထိုတွင် သူငယ်များ သီဆိုနေသည်မှာ ဤသို့တည်း။

၁

စာသူငယ် သုံးခု–သုံးခု၊ သုံးစု ပျံလာ–ပျံလာ
သစ်တောင်ချောင်းကို မင်းကောင်းကျော်၍
မှောက်တော်ဘုရားဖြစ်မည်–စင်စစ် ဒဂုံမှာ။

၂

အိုးငယ်ထမင်း ရွှေလင်ပန်းနှင့် ထည့်ပေလျှင်း။
အုံးနှင့်မွှေ့ရာ ကောင်းစွာ အသင့်ခင်း
ခွေးပေါင်ကျိုးကို မင်းမျိုးခြေဆေး
ရွှေဖလားနှင့်–ရေကိုပေး။

၃

ဆံတော်မွေ့ရှင်–
သခင်တောင်ထိပ် ရောင်ခြည်ရိပ်
mgyoe.com

မတွဲကောင်းလက် အမျက်မြင်သည်
လုလင်ပျို့မျစ်–အရိုးချစ်။

၄

အကြီး အမည်တွင်သည်
အိပျောက်ကျတ်ကို ရှင်ပင်မှောက်
တလိုင်းပြည်တွင် ကြီးသည်တန်ခိုး
သောကြာသားသည်–အောင်ဥမျိုး။

လူယုံတော်တို့သည် အဆိုပါတဘောင်သီချင်းတို့ကို ကောင်းစွာမှတ်သားပြီး ဒဂုံသို့ ပြန်လာကြ၏။ ထိုတဘောင်သီချင်းတို့ကို ဆိုလိုရင်း အနက်အဓိပ္ပာယ်တို့ကို မင်းသားက မေး၍ မင်းကံစီက ဖြေဆို၏။

အစသီသည့် သီချင်းသည် တို့သခင် ဒဂုံမှာ နေတော်မူသည်၊ ဘုရားဖြစ်မည် ဒဂုံမှာ ဟု သီသည်။

အိုးငယ်ထမင်း ရွှေလင်ပန်းတွင် ထည့်ပေလျှင်း–ဆိုသည်ကား အိုးငယ်ထမင်း ဆိုသည် တို့သခင် ဗညားနွဲ့ကို ဆိုလိုသည်။

အုံးနှင့် မွေ့ရာခင်း၊ ခွေးပေါင်ကျိုးကို မင်းမျိုးခြေဆေး၊ ရွှေဖလားနှင့် ရေကိုပေး ဆိုသည့်စကားသည် ကျွန်ုပ်တို့ ပဲခူးသို့ ရောက်လွယ်တော့မည်။ တို့သခင်ကို မဟာဒေဝီ ခွေးကဲ့သို့ပြုသည်ဆိုသည်။ အုံးမွေ့ရာခင်းနှင့် ခြေကို ရွှေဖလားနှင့် ရေထည့်၍ဆေး– ဆိုသည့်အဓိပ္ပာယ်မှာ ခြေတော်စင်စွာဆေး၍ တင့်တယ်စွာ ထက်ဝယ်ဖွဲ့ပြီးလျှင် ဟံသာဝတီတွင် စံတော်မူရမည် ဆိုသည်။

ဆံတော်မွေရှင် သခင်တောင်ထိပ် ရောင်ခြည်ရိပ်ဆိုသည်ကား သမိန်မရူအား အရိုးတော်ချစ်သည်ကို ဆိုသည်။

မတွဲကောင်းလက် အမျက်မြင်သည်–ဆိုသည်ကား တို့သခင်လက်တွင် သမိန်မရူ သေမည်ကိုဆိုသည်။ တလိုင်းပြည်၌ မင်္ဂလာရှိသော အောင်မျိုးဥဆိုသည်ကား တို့သခင် ပင်။

ဗညားနွဲ့၏ မယ်တော် သီရိမာလာသည် ဗညားနွဲ့ကိုဖွားပြီး ကွယ်လွန်သွားရာ ဆင်ဖြူရှင်၏နှမတော် အပျိုကြီး မဟာဒေဝီက သားအတူ မွေးမြူခဲ့ရ၏။ သို့ရာတွင် နောင်အခါ အပျိုကြီးမဟာဒေဝီသည် တူမတော် ဒလမည်သီရိ၏ကြင်ရာတော် သမိန်မရူ

mgyoe.com

mgyoe.com
နှင့် တိတ်တဆိတ် မေတ္တာမျှပြီး မွေးစားသား တူအရင်း ဗညားနွဲ့ကို သုတ်သင်ရန် လိုလားနေသည်။ ဤအကြောင်း ထင်ရှားစေရန် ရာဇာဓိရာဇ်အရေးတော်ပုံမှ ကောက်နုတ်ဖော်ပြပါမည်။

သမိန်မရူနှင့် သမီးတော် ဒလမည်သီရိ သင့်ကြ၍ သုံးနှစ်တိုင် ရှိသောအခါ မဟာဒေဝီနှင့် သမိန်မရူတို့ ကြည့်ရှုနေထိုင်ကြပုံကောင်းသည်မဟူ ဆိုကြကုန်၏။ ယင်းသောအခါ ပဲခူးသူ ပဲခူးသားတို့ ပြက်ရယ်စကား ဆိုကြသည်ကား ..

ဒေါင်းမ အိုလျက် သစ်ပင်ထက်၌ တက်၍ဥသော

မိန်းမ အိုလျက် ကြောက်ရှက်မရှ သူ့လင်လုသော။

ဤအကြောင်းကို အတော်အသင့် သိနှင့်မှလည်း တဘောင်သီချင်းနှင့် မင်းကံစီ၏ ဟောပြောချက်မှာ လေးလေးနက်နက် ရှိမည်။ ထို့နောက် ဗညားနွဲ့သည် မိမိကွန်းခိုနေသော ဒဂုံမှာလည်း တဘောင်စနည်းနာစေပြန်သည်။ ထိုအခါ ဒဂုံတွင် အောက်ပါသီချင်းတို့ကို အများအပြား သီကျူးနေကြ၏။

၁

အရီးတော်ဖ—အရီးတော်ဖ

ခေါ်ဝေါ်လှ၏၊ မွေးဖ မလာ

ပန်းကြာလှစင် လှေပြည့်တင်၍

ဆံရှင်ဓာတ်ကို ရည်မှတ်မွေးဖခင်။

၂

အရီးတော်ဖ—အရီးတော်ဖ

ခေါ်ပါလှလျက် မွေးဖ မပြန်လာ

ငါသာယောကျ်ား သား မယားကို

ပစ်ထားနုတ်တု—ကိုယ်လိုပြု၏။

၃

အရီးတော်ဖ—အရီးတော်ဖ

ခေါ်များစွာ မွေးဖ မတက်လာ

လင်းလွန်းပင်ရင်း သားချင်းနှစ်ပါး

mgyoe.com

ကုန်သည်အားကို ဘုရားသခင်
ဆံရှင်အပ်သည်။

"သည်သီချင်းအလိုကား ပသို့နည်း" ဟု ဗညားနွဲ့က မေး၍ မင်းကံစိက "သည်သီချင်းအဓိပ္ပာယ်သည် အဖြောင့်ပင်"ဟု ဖြေဆို၏။ ဤသီချင်းတွင် ခက်ဆစ်မရှိ၊ တဖုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်နှစ်ဦးအား မြတ်စွာဘုရားသခင် ဆံတော်ပေးအပ်၍ သိင်္ဂုတ္တရကုန်းတွင် ဌာပနာသည့်အကြောင်းဖြစ်သည်။ သို့ရာတွင် ငါသာယောကျ်ား သားမယားကို ပစ်ထား–ဆိုသည့်အကြောင်းကိုကား စာရေးသူတို့ သိလိုကြမည်။ ထိုအကြောင်းကို နောက်နောင်းအခါ ကဗျာဆရာတို့ ဖော်ထုတ်သည့် တေးထပ်တစ်ပုဒ်ဖြင့် သရုပ်ဖော်ပါမည်။

ရွယ်နုချိန် ယွင်းမှားခဲ့ရာရ
ဗညားနွဲ့ ကုမ္မာ၊
မင်းသားငဲ့ ကြုံလာသည်
ဒဂုံမှာ ပျော်မွေ့၊
အစိမ့်ခွေ့ ထွဋ်ဖျားရှင်ကို
ညွှတ်တွားဝင် ဖူးတက်သည့်နေ့၊
မွေ့မနိုတ် ပန်းသည်အိုကို
နန်းမယ်ပျို ထင်၍
စောင်းတန်းတွင် မြင်တွေ့က
ဘဝင်ဆွေ့ လှိုက်ဆူ၊
ခြေတော်တင် ချစ်တဲ့ဖေနှင့်
ပြစ်မနှော သိမ်းပိုက်တော်မူ၊
ချစ်ဦးမဲ့ နန်းပျော်သူကို
လွမ်းတော်မူ ပြန်ပဲပ၊
တသန်ထဲ ပေါင်းဖွဲ့ချစ်ထာ
နှောင်းငဲ့မေတ္တာ၊
မင်းသားစိတ် ဆန်းကြယ်ပါသည်
ပန်းသည်မှာ ကံထူးလို့လေး။

ဤတေးထပ် ရေးစပ်ခြင်း၏အကြောင်းကိုလည်း ရာဇာဓိရာဇ်အရေးတော်ပုံမှ ကောက်နုတ်ဖော်ပြပါဦးမည်။

mgyoe.com

mgyoe.com

မိုးသောက်လျှင် ဒဂုံဆံတော်ရှင်ကို ရှိခိုးတက်တော်မူ၍ ပြန်တော်မူသောအခါ မိန်းမတစ်ယောက်ကိုမြင်၍ ထိုမိန်းမအကြောင်းကို မေးတော်မူ၏။ ကျွန်တော်မ ရခိုင်စာရေး 'မပြည့်ငယ်' မယား 'မွေမနိတ်' ဟုလျှောက်၏။ မပြည့်ငယ်လည်း "ငါ့မယားကို မင်းသား မေးဟန်မကောင်း၊ ကြိုက်သည်ဖြစ်မည်" ဟု ကြောက်၍ ပဲခူးသို့ပြေးတက်လေ၏။

ဆင်ဖြူရှင်လည်း 'ငါနာချေသောကြောင့် မထိမဲ့မြင်ပြုလေသည်" ဟု ဆိုတော်မူပြီးလျှင် တလမည်ဒေါကို ခေါ်တော်မူ၍ 'အဗသုန်ငယ် မင်းပြုလျှင် မပြည့်ငယ်မယား မွေမနိတ်ကို မိဖုရားမြှောက်မည်ဆိုသည်၊ ညဲ စိတ်တွင် ပသို့နည်း' ဟု မေးတော်မူ၏။

တလမည်ဒေါကလည်း "သူ့ကိုယ်ကို ယောကျ်ားဟု ပြုခဲ့သည်၊ ကျွန်ုပ်လည်း သူ့ကိုပင် သဘောမကျ၍ မလိုက်ဘဲနေတော့သည်" ဟုလျှောက်၏။

တလမည်ဒေါသည်ကား ဗညားနွဲ့၏ ဖအေတူ အမေကွဲ ကြင်ရာတော်ဖြစ်၏။

ထို့နောက် တစ်ဖန် ဗညားနွဲ့သည် လူယုံတော်တို့ကို ပဲခူးသို့စေလွှတ်ပြီး တဆောင်စနည်းတို့ကို နာစေပြန်၏။ ထိုအခါ သမိန်မရူ အမှူးရှိသော တပ်မင်းလေးပါး စစ်အင်္ကျီဆင်ယင်ခင်းကျင်း၍ ခေါင်းဆေး၏။ အပြန်ကို သမိန်မရူ စစ်မောင်းတီး၍ လာသည်။ တံခါးမရောက်ခင် မိုးအတုလသမိန် ခေါင်ရန်းပန်းပန်လျက် က,သီ၏။

၁

ကြံယာသုတ်သင် ငှက်ပျောပင်ကို
အလျှင်စိုက်သည့် မိန်းမအိုလင်
အမျက်မြင်၍ ခုံမင် လူပြေးလိုက်သည်။

၂

မိန်းမရှာလျက် ဝမ်းနက်ကိုယ်ဝန်ဆောင်သည်တုံတည့်။
ခြေကိုငယ်ဆုံး ပိတုန်းဖြစ်ချင်သည်တုံတည့်
ယောကျ်ားသူယောင် မြင်းမိုရ်တောင်ကို
ပါအောင်နုတ်သည် ခက်လှ၏။

'အမိပ္ပာယ်ကား ကြံခင်းကို ကြံနှင့်ငှက်ပျောစိုက်၏။ ယင်းသည့်နှစ်ပင် ခုတ်ထစ်၍ ယူလေ၏။ သမိန်မရူသည် သည်နှစ်ပင်တွင် ဆားရောက်၏ဆိုသည်။ လူပြေးဟူသည်တို့သခင် ဗညားနွဲ့၊ လူပြေးလိုက်သူ သမိန်မရူ၊ အရီးတော် မဟာဒေဝီက တိုက်တွန်း၍ လိုက်စေသောကြောင့် ပျက်စီးခြင်းသို့ ရောက်မည်ဆိုလိုသည်။ မိန်းမလျှာကိုယ်ဝန်ဆောင်

mgyoe.com

mgyoe.com
၏ ဆိုသည်၊ မိန်းမလျာသားရဖူးသလော၊ ခြေတိုငယ် ပိတုန်းဖြစ်ချင်သည်ဆို၏။ သမိန်မရူသည် နိမ့်သောအမျိုးခြေကို ဆိုသည်။ ပိတုန်း ဟူသည် တို့သခင် ဗညားနွဲ့ မင်းကေရာဇ်မျိုး ဆိုလိုသည်။ ခြေတိုငယ်အယုတ်သည် ပိတုန်းဖြစ်ဖူးသလော။ မြင်းမိုရ်တောင်ဟူသည် သခင်ဗညားနွဲ့ကို ဆိုသည်။ မြင်းမိုရ်တောင်ကို နုတ်နိုင်ဖူးသလော။

စာငယ်တစ်ခု ညောင်ကိုင်းနှတွင် ဆွဲ တွဲလွဲ
ညောင်သီးစား မင်းဖျားသားကြီး
မင်းဖြစ်နိုး စစ်ကြီးလာ၍ ရံ
မင်းဖျားသားကြီး ဆင်ရဲစီး၍
ဖြိုးမျှတိုက်လျှင်-အလျှင်ပျက်စီးလိမ့်။

မင်းသားဗညားနွဲ့၏ အရီးတော် မဟာဒေဝီ၏ အိမ်နားတွင် သူငယ်တစ်ယောက် သီဆိုနေသောသီချင်းဖြစ်သည်။ ယင်းသီချင်း၏သဘောကိုလည်း မင်းကံစီ ဟောပြော၏။

စာငယ် ဟူသည် အင်္ဂါနံ၊ သမိန်မရူလည်း အင်္ဂါသား၊ ညောင်းကိုင်းနှတွင် ဆွဲ တွဲလွဲ ဆိုသည်မှာကား သမိန်မရူသည် သူကောင်းအဖြစ်၌ မမြဲ ဆိုသည်။ စစ်ကြီးလာ၍ရံ ဆိုသည်ကား အဖြောင့်ပင်၊ ဆင်ရဲစီး၍ တိုက်တော်မူလျှင် သမိန်မရူ ပျက်လိမ့်မည်ဆိုသည်။

ထိုအခါ မင်းသားလည်း မင်းကံစီကို နမ်းတော်မူပြီးလျှင် "အစ်ကိုဖတ်သည့် နိမိတ်အတိုင်း အောင်မြင်စေသော" ဟု မိန့်တော်မူ၏။ မင်းသားလည်း ဆင်စီး၍ ချီတော်မူ၏။ များမဝေးခင် ကြက်ပျံ၍ ဦးထိပ်တော်သို့ နား၏။ မသက်မသာရှိ၍ တန့်၍နေတော်မူသည်ကို သက်ကြီးတစ်ယောက်က "ဘုန်းကြီးသောအရှင် နိမိတ်သည် ကောင်းလှ၏။ စေတီပုထိုးများကို ထီးတင်မည့်အခါ ကြက်ခြေမရှိသောထီး မတင်ရ။ ယခုမှာမူကား ဘုန်းကြီးသည့်အရှင် ထီးနန်းကို လိုတော်မူ၍ တိုက်မည်ထွက်တော်မူလျှင် ကြက်သည် ဦးထိပ်ထက်နင်း၍ ခြေခတ်ပြီ၊ ထီးဖြူဆောင်းရမည် မချွတ်" ဟု လျှောက်၏။

ပြာသိုလပြည့်ကျော် ၁၂-ရက် ချီတော်မူသည်။ စရည်တွင် တပ်တော်ချ၍ စနည်းနာစေရာ အောက်ပါသီချင်းကို ကလေးသူငယ်များ သီကျူးနေကြသည်ကို ကြား၏။

ကြောင်ဖားခံတွင်း ဟင်းလင်းဖွင့်သည်
နှစ်တံခါးရိပ်မြိုင် ပင်ဗောဓိ
ညောင်ပင်ကြီးတည်း၊ လည်းသည်တကား
တစ်ရက်မကြာ အရာရမည်တည်း။

ယင်း တဘောင်သီချင်း ကြားရသောအခါ မင်းသား ဗညားနွဲ့က "အစ်ကို စိတ်တွင် ပသို့ထင်သနည်း" ဟုမေး၏။ မင်းကံစီက "ညောင်ပင်ကြီး လဲသည်ဆိုသည်မှာ
mgyoe.com

mgyoe.com

ခမည်းတော်ဘုရားကိုဆိုသည်။ တစ်ရက်မကြာ အရာရမည်ဆိုသည်မှာ တို့သခင်ကို ဆိုသည်" ဟုဖတ်၏။

သို့ဖြင့် သက္ကရာဇ် ၇၄၅–ခုနှစ်၊ တပို့တွဲလဆန်း ၁၅–ရက်နေ့၊ ဗညားနွဲ့သည် ရာဇာဓိရာဇ်ဟူသော အမည်ကိုခံ၍ ရွှေနန်းတက်တော်မူ၏။

ဤကား ရာဇာဓိရာဇ်အရေးတော်ပုံမှ ကောက်နုတ်ဖော်ပြသော မြန်မာ့အတွေးအမြင်နည်း တစ်စိတ်တစ်ဒေသ ဖြစ်ပါသည်။ ထိုမှတစ်ပါး အခြားစာအုပ်များတွင်လည်း အခြားသော အတွေးအမြင်နည်းပေါင်း အများအပြားပင် ရှိပါသည်။ ရှေးအခါက ဤနည်းတို့သည် အတိတ်နိမိတ် တဘောင်စနည်း ဘဝေါအဖြစ်နှင့် ပညာရှိတို့အလယ်တွင် တင့်တယ်ခဲ့ကြသည်။ ဉာဏ်ပညာထူးချွန်သူများ၏ ကျက်စားရာအဖြစ်နှင့် ထင်ရှားခဲ့ကြသည်။ နောက်ပိုင်းတွင်ကား နိုင်ငံခြားယဉ်ကျေးမှုများ ကြီးစိုးလွှမ်းမိုးလာသဖြင့် ထိုအတွေးအမြင်တို့သည် အရူးစကားလိုလို မှော်ပညာလိုလိုဖြစ်ကာ မျက်ကွယ်ပြုခြင်း ခံကြရ၏။

သိပ္ပံပညာထွန်းကားသောခေတ်တွင် သိပ္ပံပညာနှင့်တိုင်းတာမရသော အတွေးအမြင်တို့ကို ဖယ်ရှားပစ်မည်ဆိုပါလျှင် ကမ္ဘာပေါ်တွင် လွန်စွာထင်ရှားနေသော အိန္ဒိယ ဒဿနများ၊ ဥပနိသျှဒ်များသည် ရှေးဦးစွာဖြစ်မည်။ ထိုတွင် ယုံတမ်းစကား ဒဏ္ဍာရီများနှင့် ပြည့်နှက်နေကြ၏။ သို့ရာတွင် အိန္ဒိယပညာရှင်တို့သည် သူတို့၏ အတွေးအမြင်တို့ကို ကမ္ဘာ့အတွေးအမြင်တို့ဖြင့် နှိုင်းယှဉ်ပေးတတ်ကြသဖြင့် ကမ္ဘာတွင် ပေါ်လွင်ထင်ရှားနေကြ၏။ သူတို့သည် သူတို့၏ ဝေဒ၊ ဝေဒန္တ၊ ဒဿန၊ ဥပနိသျှဒ်၊ ပုရာဏ် စသည်တို့ကို လောဂျစ်၊ ဖီလိုဆိုဖီ၊ သိပ္ပံနည်းကျ စသည်တို့၌ သက်ဝင်အောင် နှိုင်းယှဉ်ပေးသကဲ့သို့ မိမိတို့လည်း မိမိတို့၏ အတိတ်၊ နိမိတ်၊ တဘောင်၊ စနည်း၊ ဘဝေါတို့ကို သိပ္ပံနည်းကျ ဖြစ်စေအောင် အသုံးချပေးသင့်လှပါသည်။

သိပ္ပံပညာဟူသည် အဘယ်နည်း။ ဤအဖြေကို ဂရိပညာရှိများနှင့် သိပ္ပံပညာ ဆိုသောစာအုပ်မှ စကားချီးကို ကောက်နုတ်ဖော်ပြပါမည်။

> သိပ္ပံပညာဆိုသည်မှာ ကျွန်ုပ်တို့၏ပတ်ဝန်းကျင်၌ ဖြစ်ပျက်နေသော အကြောင်းအရာများကို စည်းကမ်းတကျ သုံးသပ်ဆင်ခြင်မှုပင်ဖြစ်သည်။ အကြောင်းတစ်ခု ဖြစ်ပေါ် လာလျှင် ထိုအကြောင်းကား ဘာ့ကြောင့်ဖြစ်ပေါ်သနည်း၊ အကြောင်း၏ သဘောကား အဘယ်နည်း၊ အကျိုးကား အဘယ်နည်း၊ အပြစ်ကား အဘယ်နည်း စသည်ဖြင့် စည်းကမ်းတကျ ဆင်ခြင်တတ်ရမည်။ ယင်းသို့ ဆင်ခြင်၍သိသော အချက်သည် သိပ္ပံပညာဖြင့်သိသောအချက်ဟု ဆိုနိုင်သည်။
>
> ထိုအချက်များကို ဆင်ခြင်စဉ်းစားရုံမျှဖြင့် သိပ္ပံပညာ၏ကိစ္စ မပြီးသေး၊ ဆင်ခြင်

mgyoe.com
၍သိသောအချက်များကို တကယ်လက်တွေ့ စမ်းသပ်ကြည့်ရန် လိုသေးသည်။ သိပ္ပံနည်း တကျရှိသော စမ်းသပ်ပုံမှာ စေ့စပ်သေချာခြင်း၊ တိတိကျကျရှိခြင်း၊ ကျစ်လျစ်ပြေပြစ်ခြင်း တို့ရှိရမည်။ သိပ္ပံပညာတွင် အပိုအလိုဟူ၍ မရှိရ။ ဤ သဘာဝ၏ သဘောတရားကား ဤသို့ဖြစ်တန်ရာ၏။ ဤသို့ဖြစ်မည်ထင်၏ စသော စကားအသုံးအနှုန်းများကို မသုံးနိုင်ချေ။ အကယ် လက်တွေ့စမ်းသပ်ကြည့်ပြီးသော အခါမှ သဘာဝ၏ဖြစ်တတ်သော သဘောများကို ခိုင်လုံစွာ သဘာဝစည်းမျဉ်းများ ပြုလုပ်ထားကြရသည်။

ဤကား အနောက်တိုင်းသိပ္ပံပညာကို တင်ပြသူ၏ သိပ္ပံပညာဟူသည် အဘယ်နည်းဟူသော စကား၏အဖြေဖြစ်သည်။ အကယ်၍ မိမိတို့သည် သိပ္ပံပညာကို ပြည့်ပြည့်စုံစုံ နက်နက်နဲနဲ စဉ်းစားတွေးဆတတ်ပါလျှင် တစ်လောကလုံးကို သိပ္ပံပညာဖြင့် လွှမ်းဖုံးနေသည်ကို တွေ့ရမည်။ အလွန်ဆိုရပါလျှင် ဗေဒင်ဟောစာတမ်းသည်လည်းကောင်း၊ ပယောဂ ပူးဝင်ခြင်းသည်လည်းကောင်း သိပ္ပံပညာနှင့် ဆက်စပ်နေသည်။ အိပ်မက်သည် သိပ္ပံနှင့် ဆက်သွယ်ခြင်းမရှိဟု ဘယ်သူဆိုနိုင်မည်နည်း။ လေတံခွန်၏အမြီးကိုဆွဲပြီး လိုက်သွားရာ ပြင်သစ်ပြည်သို့ရောက်သွားကြောင်း အိပ်မက်ခြင်းသည် ပြင်သစ်သို့သွားရန် စိတ်အားထက်သန်နေခြင်းကြောင့်ဖြစ်သည်။ ယင်းသည်လည်း လူအများ နိုင်ငံခြားသွား နေကြခြင်းနှင့် ဆက်စပ်နေသည်။ သို့ဖြစ်သောကြောင့် မိမိတို့၏ တဘောင်စနည်းတို့လည်း အချည်းနှီးမဟုတ်ကြပါ။ စင်စစ် သိပ္ပံပညာနှင့် ဆက်စပ်နေကြသည်။ ဤသည်တို့ကို ခိုင်လုံစွာ သဘာဝစည်းမျဉ်းများ ပြုလုပ်ပေးရန်သာရှိသည်။

ကမ္ဘာလောကတွင်ရှိသော မည်သည့်အရာမဆို အကြောင်းအကျိုးအားဖြင့် ဆက်စပ်နေ၏။ အကြောင်းကြောင့် အကျိုးဖြစ်သည်။ သို့ကြောင့် မည်သည့်အရာသည် မည်သည့်အရာနှင့် ဆက်စပ်ခြင်းမရှိဟု ငြင်းချက်ထုတ်ရန် ခက်သည်။ အကယ်၍ အဆက်အစပ်ကိုမမြင်ပါလျှင် မိမိဉာဏ်မမီသေးခြင်းသာဖြစ်မည်။ အဆက်အစပ်ကား အမှန်ရှိသည်။ မြန်မာတို့အနေဖြင့် လိုအပ်သည်မှာ မိမိတို့၏ရိုးရာအစဉ်အလာ အတတ်ပညာများကို ကမ္ဘာ့အတတ်ပညာများနှင့် စပ်ယှဉ်နိုင်အောင် ဆက်စပ်ပေးရန်ဖြစ်သည်။ မိမိတို့ အစဉ်အလာအတတ်ပညာတို့ကို အချည်းနှီး အထင်ကြီးနေခြင်းနှင့် အချည်းနှီး အထင်သေးနေခြင်းတို့မှာ အကျိုးမရှိခြင်းအတူတူဖြစ်၏။ ယင်းတို့ကို ယခုခေတ် သိပ္ပံပညာနှင့် ဆက်စပ်အောင် ကြံဆောင်ပေးနိုင်ဖို့ စွမ်းနိုင်သူတို့ ဝိုင်းဝန်းကြိုးစားသင့်လှပါသည်။ ။

စာပြီးနှစ်–၁၃၃၄
mgyoe.com

mgyoe.com

# လက်ရည်တစ်ပြင်တည်းညီ၍

မြကေတု

နိုင်ငံတော်အစိုးရတို့မည်သည် တိုင်းပြည်၏ တိုးတက်ရာ တိုးတက်ကြောင်း လုပ်ငန်းဟူသမျှကို ဆောင်ရွက်ကြရာ၌ တစ်ဦးတစ်ယောက်၏ ဆန္ဒသဘောတစ်ခုတည်းဖြင့် မပြုလုပ်စေဘဲ အခက်အခဲမှန်သမျှကို ပြေလည်အောင် အထက်နှင့်အောက် ညှိနှိုင်းဆောင်ရွက်လေ့ရှိပေသည်။ ဤအပြုအမူသည် အလွန်မှန်ကန်သော အပြုအမူဖြစ်ကြောင်းကို ကျွန်ုပ်တို့သည် အမတ်ကြီး ဗညားဒလ ရေးသားပြုစုသော 'ရာဇာဓိရာဇ်' အရေးတော်ပုံကျမ်း၊ မင်းလက်ဝဲနော်ရထာပြုစုသော 'ဆင်ဖြူများရှင်' အရေးတော်ပုံကျမ်းများကို အထောက်အထားပြု၍ သိရှိရပေသည်။

မြန်မာရာဇဝင်တွင် ရာဇာဓိရာဇ်သည်လည်းကောင်း၊ ဆင်ဖြူများရှင် ဘုရင့်နောင်ကျော်ထင်နော်ရထာသည်လည်းကောင်း၊ တိုင်းပြည်ရေးရာ စစ်မှုရေးရာမှန်သမျှကို ဆောင်ရွက်ရာ၌ မိမိတစ်သဘောတည်းဖြင့် ဆုံးဖြတ်တော်မမူဘဲ လက်အောက်ငယ်သား မိုလ်မှူးစစ်ကဲတို့နှင့် ညှိနှိုင်းတိုင်ပင်ပြီး တစ်စိတ်တစ်သဘောတည်း ညီညွတ်သည့်အခါမှသာလျှင် ယင်းသို့ အထက်နှင့်အောက် ညှိနှိုင်းညီညွတ်၍ရသော အဖြေပေါ်မှတည်ပြီးမှ ဆောင်ရွက်ကြခြင်းကို တွေ့ရှိရပေသည်။

ဗညားဒလအမတ်ကြီးသည် ဆင်ဖြူများရှင် ဘုရင့်နောင်မင်းတရားကြီး၏ အတိုင်ပင်ခံ အမတ်ကြီးဖြစ်သည့်အတိုင်း စစ်ရေးစစ်ရာ တိုင်းပြည်ရေးရာ အခက်အခဲတို့တွင် သက္ကရာဇ် ၉၁၂–ခုနှစ်မှသည် ၉၃၄–ခုနှစ်တိုင်အောင် အကောင်းမွန်ဆုံးသော အကြံဉာဏ်များကိုပေး၍ ဘုရင်မင်းတရားကြီးအား အလိုတော်ကျ ဆောင်ရွက်စေခဲ့သည်။ ဝန်ကြီးဗညားဒလ၏ အဖိုးတန် တော်တည့်မှန်ကန်သော အကြံဉာဏ်ကောင်းများကို ရယူနိုင်သော

mgyoe.com

mgyoe.com
ကြောင့် ဘုရင့်နောင်မင်းတရားကြီးသည် မြန်မာရာဇဝင်တွင် ဘုန်းမီးနေလ တောက်ပသော မင်းရောဇ်တစ်ဆူအဖြစ်သို့ ရောက်ခဲ့ရပေသည်ဟု ဆိုပါက မှားအံ့မထင်ပေ။

ဆင်ဖြူများရှင် ဘုရင့်နောင်၏ ရာဇဝင် သို့မဟုတ် အရေးတော်ပုံကျမ်းများကို လေ့လာဖတ်ရှုပါက စစ်ရေးစစ်ရာပဟူသမျှတွင် ဘုရင့်နောင်မင်းတရားကြီးသည် မိမိသဘောဆန္ဒတစ်ခုတည်းဖြင့် ဆောင်ရွက်ခြင်းကို မည်သည့်အခါမျှ မတွေ့ရဘဲ ဗိုလ်မှူးတပ်မှူး စစ်ကဲ စစ်ချုပ်တို့၏ သဘောဆန္ဒကိုယူပြီး မိမိသဘောနှင့် တညီတည်းဖြစ်သည့် အခါမှသာ ယင်းအရေးအခင်းကို လက်ခံဆောင်ရွက်တော်မူသည်။

ထို့ကြောင့် ဆင်ဖြူများရှင် အရေးတော်ပုံကျမ်းတွင် စစ်ရေး စစ်ရာများကို ဆွေးနွေးကြရာ၌ ဗိုလ်မှူးစစ်ကဲတို့နှင့် အကြိုက်ညီ၍ ဟူ၍လည်းကောင်း၊ 'စိတ်ညီ၍' ဟူ၍လည်းကောင်း၊ 'အရေးကိုကြိုက်တော်မူ၍' ဟူ၍လည်းကောင်း၊ 'စိတ်လက်တစ်ချက်တည်းဖြစ်၍' ဟူ၍လည်းကောင်း၊ စိတ်သဘောထား ညီညွတ်ခြင်းကိုပင် ဝေါဟာရအမျိုးမျိုး သုံးစွဲ၍ ရေးဖွဲ့မှတ်သားကြသည်ကို ရာဇဝင်များ၌ တွေ့ရှိကြရပေသည်။

ဤကဲ့သို့ 'အကြိုက်ညီ၍'၊ 'စိတ်ညီ၍' ဟူသော ဝေါဟာရများကို စတင် သုံးစွဲလာသူမှာကား 'ရာဇာဓိရာဇ်အရေးတော်ပုံကျမ်း' ကို ရေးသားပြုစုသူ ဗညားဒလအမတ်ကြီးပင် ဖြစ်ပေသည်။ ဗညားဒလအမတ်ကြီး၏ ရာဇာဓိရာဇ်အရေးတော်ပုံကျမ်းသည် စကားအရာ၌ ဝါကျတိုတိုနှင့် ရှင်းရှင်းရေးသားထားသော စကားပြေကျမ်းဖြစ်ပြီး စစ်ရေးစစ်ရာ စကားအသုံးအနှုန်းတို့မှာ လွန်စွာ တိကျကောင်းမွန်လွန်းလှရကား ရာဇဝင်ကျမ်းပြု ဆရာများနှင့် ဆင်ဖြူများရှင် အရေးတော်ပုံကျမ်း ပြုစုသူ လက်ဝဲနော်ရထာတို့ပင်လျှင် ယင်းအမတ်ကြီး၏ စကားပြေအရေးအသားများကို ကိုးကားအတုယူ၍ ရေးသားကြရကြောင်းမှာ ထင်ရှားလှပေသည်။

၁။ "ညထွက်တော်မူလျှင် ခေါ်လေစေ၍ မင်းတို့တပ်မင်း ၃–ယောက် စိတ်ညီကြပြီလော ဟု မေးတော်မူ၏"

"ကျွန်ုပ်တို့ ၃–ယောက်သည် စိတ်ညီကြပြီ၊ သူရဲသာ ထပ်လောင်းတော်မူပါ"

*ရာဇာဓိရာဇ် အရေးတော်ပုံ၊ ၁၉၆၇–ခုနှစ်၊ နံ့သာထုတ်၊ နှာ ၂၃၄*

၂။ "သည်အရေးကို အများညီကြသောကြောင့် ရခိုင်သို့ ချီရလေ၏။"

*ရာဇာဓိရာဇ်အရေးတော်ပုံ၊ နှာ ၂၆၄*

ဤကဲ့သို့ စိတ်သဘောချင်း ထပ်တူထပ်မျှဖြစ်ခြင်း၊ ညီခြင်းကို ဗညားဒလအမတ်ကြီးသည် အများညီ၍၊ စိတ်ညီကြပြီ စသည်ဖြင့် ရေးသားသုံးစွဲခဲ့လေသည်။

အမတ်ကြီး ဗညားဒလ ရေးသားခဲ့သည်ကို အတုယူ၍ မင်းလက်ဝဲနော်ရထာက
mgyoe.com

mgyoe.com
လည်း သူ၏ 'ဆင်ဖြူများရှင် အရေးတော်ပုံကျမ်း' တွင် ရေးသားခဲ့ပြန်သည်။ ဦးကုလား ကလည်း သူ၏ 'မဟာရာဇဝင်ကြီး' တွင် ဆင်ဖြူများရှင် စစ်ရေးစစ်ရာ တိုင်ပင်ခန်းများ၌ 'စိတ်ညီကြ၍' ဟူ၍လည်းကောင်း၊ 'နှလုံးညီ၍' ဟူ၍လည်းကောင်း၊ 'တစ်စိတ်တစ်ဝမ်းတည်း နှလုံးညီကြ၍' ဟူ၍လည်းကောင်း ရေးသားကြသည်ကို တွေ့ရပြန်ပေသည်။

"ဘဝရှင်မင်းတရားကြီးသည် ဗညားဒလ လျှောက်ထားသော အရေးကို ကြိုက်တော်မူ၍"

*ဦးကုလား မဟာရာဇဝင်ကြီး၊ တတိယတွဲ၊ ဟံသာဝတီ၊ ၁၉၆၁ ထုတ်*

*နှာ ၃၂၀၊ ၃၃၃၊ ၃၃၄၊ ၃၄၁၊ ၃၄၄၊ ၄၁၁၊ ၄၃၂*

ဤကဲ့သို့ ဗညားဒလအမတ်ကြီး လျှောက်လေတိုင်းသော အရေးအခင်းတို့တွင် ဘုရင်မင်းတရားကြီးသည် စိတ်သဘောချင်း ကိုက်ညီကြောင်းကို နေရာ ၇-နေရာ၌ပင် တွေ့ရပေသည်။

အထက်ပါအကြောင်းများကို အထောက်အထားပြု၍ ရှေးအခါများက ဘုရင်များသည် မှူးမတ်များ လျှောက်ထားချက်ကို မိမိစိတ်သဘောနှင့် တိုက်ဆိုင်ညီညွတ်သည့်အခါများတွင် ..

အများညီကြ၍
အကြိုက်ညီကြ၍
အရေးကိုကြိုက်၍
နှလုံးညီကြ၍

စသည်ဖြင့် ရေးသားလာကြကုန်သည်။

ညီညွတ်ခြင်းကို ဥပမာ ဥပမေယျနှင့် ပေးကြသည့်အခါများ၌လည်း

မြေကြီးညီညွတ်သည်ကို စည်မျက်နှာကဲ့သို့ ညီညွတ်သည် ဟူ၍လည်းကောင်း၊

စိတ်သဘောညီညွတ်သည်ကို ရေမျက်နှာပြင်ကဲ့သို့ ညီညွတ်သည် ဟူ၍လည်းကောင်း၊

ရေဝယ်သားသော်လည်း အခြား မထင်သကဲ့သို့ ဟူ၍လည်းကောင်း သုံးစွဲတတ်ကြပေသည်။

ဤအကြောင်းများကို ရေးသားဖော်ပြနေရခြင်းကား အခြားအကြောင်းကြောင့် မဟုတ်ပေ။
mgyoe.com

mgyoe.com

လက်ရည်တစ်ပြင်တည်း ဟူသော စကား၏အရင်းအမြစ်ကို ဖော်ပြလိုသော ကြောင့်ဖြစ်သည်။

ကျွန်ုပ်တို့သည် ယခုအခါတွင် လက်ရည်တစ်ပြင်တည်း ဟူသော စကား ဝေါဟာရ အသုံးအနှုန်းကို အလွဲမှတ်မှား သုံးစွဲနေကြသည်ကို နေ့စဉ်နှင့်အမျှ တွေ့ရှိနေကြရသည်မှာ ဝမ်းနည်းဖွယ်ပင်ဖြစ်ပေသည်။ ဤသို့ အလွဲမှတ်မှား သုံးစွဲနေကြရသည်မှာလည်း ဤဝေါဟာရစကား၏ ရင်းမြစ်အနက်အဓိပ္ပာယ်ကို မသိကြသော သဘင်သည် သီချင်းရေးဆရာတို့က မိမိတို့ အထင်အမြင် အမှတ်မှားဖြင့် သုံးစွဲရေးသားလိုက်သည့်အတွက် ဟုတ်သယောင်ယောင်နှင့် လူအများက လက်ခံလိုက်ရသလို ဖြစ်နေလေတော့သည်။ ဤကဲ့သို့ သီချင်းရေးစပ်သူ သဘင်သည်တို့ကြောင့် မှားလွဲခဲ့ကြသည့် သီချင်းများအနက် အချို့ကို ထောက်ပြရပါမူ–

၁။ "သဥ္ဇာလီ စက်ရာခန်းမှာ၊ စိတ်က မှန်းလို့ တမ်းတမိတယ်' ဟူသော သီချင်းတွင် သဥ္ဇာလီ ဆိုသည်မှာ စင်စစ် အိပ်ရာအခန်းဟု မသိသူတို့ ထင်ဖွယ်ရှိသော်လည်း သဥ္ဇာလီဆိုသည်မှာ လက်ရန်းပါသော မှန်စီရွှေချ ကုလားထိုင်ကြီးသာဖြစ်ပေသည်။ ယခု တရားဟောပုဂ္ဂိုလ် ဓမ္မကထိကများထိုင်သည့် ကုလားထိုင်ကြီးများကဲ့သို့ နန်းတွင်းဆောင်များတွင် ထားရှိသုံးစွဲသော ခြေထောက်လေးချောင်းပါ ကုလားထိုင်ကြီးမျိုးသာလျှင် ဖြစ်သည်။

၂။ သီပေါမင်း ပါတော်မူသည်ကို ရေးစပ်သည့်သီချင်းတစ်ပုဒ်တွင်လည်း "သမ္မာ အလီလီ တအားယုတ်စေဖို့၊ အာဠဝီတံခါးက ထုတ်လို့၊ ရာဇာသမုတိကို ဆောင်သည်၊ မဟာမြတ်မုနိကိုတောင် ဖူးမြော်ချင်ရက်နဲ့ ဦးတော် မတင်ရရှာလေပြီ" ဟု တွေ့ရပေသည်။

စင်စစ်ကား မန္တလေးရတနာပုံတံခါး ၁၂–ရပ်တွင် အာဠဝီတံခါးဟူ၍ မရှိချေ။ ၎င်းအစား အနောက်ဘက်တံခါး ၃–ပေါက်တွင် အသေကောင်ထုတ်သော ကြေးမုံတံခါးသာရှိသည်။ မသာများချရာ၌ ကြေးမုံပြင်ကဲ့သို့ အမြဲကြည့်ပြီး တရားသံဝေဂရရန်သဘောဖြင့် မှည့်ခေါ်ထားသော 'ကြေးမုံတံခါး' သာရှိသည်။ အာဠဝီတံခါးဟူသည်မှာ အမရပူရနန်းမြို့တော် အနောက်တံခါးမျှသာဖြစ်ပါသည်။ မင်းတုန်းမင်းနှင့်တကွ လူအများ ရတနာပုံကို ဆောက်တည်ပြီး၍ ပြောင်းရွှေ့လာကြရာတွင် အမရပူရက လူများက နှုတ်ကျိုးပြီး ကြေးမုံတံခါးကို အာဠဝီတံခါးဟု ခေါ်နေကြလေသည်။ ယခုအခါ မင်္ဂလာတံခါးဟုခေါ်သော တောင်ဘက်ရှိ 'ကျော်မိုးတံခါး' သာလျှင်ဖြစ်သည်။

၃။ "ယမထာ ရွှေကြိမ်လုံးရယ်နှင့်၊ ထွန်တုံးကိုတဲ့ ခြေတော်တင်၊ နွားကြန်စုံရှင်" ဟူသော သီချင်းစာတွင်လည်း ခြေတော်တင်ဟူသောစကားကို အလွဲအမှား သုံးစွဲထားသည်ကို တွေ့ရပြန်သည်။ ဘုရင်တို့မည်သည် မှန်နန်းအပျိုတော်များကို ခြေတော်တင်

mgyoe.com

mgyoe.com

နိုင်သည်။ ဝဲအပျိုတော်များကို ခြေတော် မတင်ကြရချေ။ (မန်းရာပြည့် စာမျက်နှာ ၁၀၂)။ ခြေတော်တင်သည် ဟူသည်မှာလည်း ဘုရင်မင်းတရားကြီး၏ ဆန္ဒအလိုကို ခေါ်လျှင် လိုက်ရသူမယား ဟူ၍ အရပ်စကားဖြင့် ခေါ်သော် ရနိုင်ကောင်းအံ့ထင်သည်။ ညအချိန် ညီလာခံစဲ၍ ဘုရင်မင်းတရားကြီးသည် အနောက်ဆောင်များကို လှည့်ကြွတော်မူလာသည့် အခါ မိဖုရားကြီးငယ် ကိုယ်လုပ်တော် မောင်းမအပေါင်းတို့သည် မော်မကြည့်ရဘဲ လက်ယှက်ဦးညွှတ် ပျပ်ဝပ်၍ နေကြရသည်။ ထိုအခါ ဘုရင်သည် အလိုရှိရာမိဖုရား ကိုယ်လုပ်တော်၏ ပခုံးစွန်းအပေါ်သို့ ခြေဖဝါးကို တင်တော်မူ၍ ကုတ်လိုက်သည်။ အများ မသိစေရအောင် တိတ်တဆိတ် ခေါ်တော်မူသည်ဟု ဆိုနိုင်ရာသည်။ ၎င်းမိဖုရား ကိုယ် လုပ်တော်သည်လည်း ဘုရင့်အတွက် ဝတ်လဲတော်ကိုယူ၍ အနောက် ပန်းခုံတော်သို့ လိုက်ပါသွားရသည်ဟု ကြားဖူးသည်။ ဤသည်ကို ခြေတော်တင်သည်ဟု ခေါ်ခြင်းဖြစ် သည်။

ထွန်တုံးကို ခြေတော်တင်သည်ဟူရာ၌ ဘုရင်မင်းတရားကြီးသည် လယ်ထွန် မင်္ဂလာထွက်ကြွရာတွင် ရွှေထွန်တုံးပေါ် စီးခြင်းကို သီချင်းရေးဆရာက ဆိုလိုဟန်တူ သည်။ အဓိပ္ပာယ်အယူအဆ လွဲမှားသည်ထင်သည်။ ထွန်တုံးကို ခြေတော်တင်၍လည်း ထွန်တုံးက ထ၍ ဘုရင့်နောက် လိုက်လာမည်မဟုတ်ပေ။ သီချင်းရေးသူသည် ဘုရင် ရွှေစက်တော်တင်သည် ဟူသောစကားကို ရေးလိုဟန်တူသည်။ မြင်းကို ရွှေစက်တော် တင်သည်။ ဆင်ကို ရွှေစက်တော်တင်သည်ဟူ၍ကား ရှိသည်။

အထက်ပါသီချင်းများမှာကဲ့သို့ပင် မြန်မာများ ရှေးအခါက ချစ်ကြခင်ကြပုံကို ဖော်ပြရာ၌ သီချင်းရေးသူသည်–

'လက်ရည်တစ်ပြင်တည်း ရှေးကတော့ ပိုချစ်ကြတယ်' ဟူ၍ ဖွဲ့ဆိုခဲ့လေရာ လက်ရေတစ်ပြင်တည်းဟူသောစကား၏ အဓိပ္ပာယ်ရင်းမြစ်ကို သေချာဂနမသိပါဘဲ အမှတ်မှား အထင်မှားရေးခဲ့သည်ဟု ဆိုရမည်ဖြစ်ပေသည်။

ဤသို့ အမှတ်မှား ရေးသားခဲ့ဟန်တူကြကြောင်းကို မြန်မာပညာရှိ ရွှေပြည် ဆရာဦးဘတင်သည် မကွယ်လွန်မီအချိန်က မန္တလေးတက္ကသိုလ် စာပေဟောပြောပွဲတစ်ခု တွင် မိန့်ဆိုခဲ့ဖူးသည်။

"လက်ရည်တစ်ပြင်တည်း" ဟူသောစကားသည် ရှေးအခါကာလက ဗိုလ်မှူးစစ်ကဲ တို့ စစ်ရေးစစ်ရာ အခက်အခဲများတွင် စိတ်ဝမ်းမခြား၊ တညီတည်း၊ တစ်သမတ် တည်း၊ အကြိုက်ညီကြခြင်း၊ သဘောဆန္ဒ တူညီခြင်း တို့၌ သုံးစွဲသော ဝေါဟာရ မျှသာဖြစ်သည်။

mgyoe.com

"ယင်းသို့ ရန်သူတို့ကို အောင်မြင်တော်မူပြီး၍ ဆင်ဖြူများရှင် မင်းတရားကြီးသည် တလိုင်းသုံးရပ်ကို ရေတစ်ပြင်ကဲ့သို့ တစ်ချက်တည်း ညီညွတ်အောင် စီရင်တော်မူ၍ အလွန်သာယာစည်ပင်၏။"

*ဦးကုလား မဟာရာဇဝင်ကြီး၊ ဒုတိယတွဲ ၂၆၆*

ဗညားဒလ အမတ်ကြီးသည် ရာဇာဓိရာဇ်အရေးတော်ပုံကျမ်းတွင် စိတ်ညီခြင်း၊ အကြိုက်ညီခြင်း စသည်ဖြင့် ဖော်ပြထားသကဲ့သို့ ဦးကုလားကလည်း ညီညွတ်ခြင်း၏ သဘောကို ရေတစ်ပြင် နှင့် နှိုင်းခိုင်းပြီး သူ၏ ရာဇဝင်ကြီးတွင် သုံးစွဲခဲ့သည်ကို သတိပြုကြရမည်ဖြစ်သည်။

**ရေ၏မျက်နှာပြင်သည် ညီညွတ်သကဲ့သို့လည်းကောင်း၊ ရေဝယ်သားသော်လည်း အခြားမထင်သကဲ့သို့လည်းကောင်း၊**

ဤသို့လျှင် ရာဇဝင်ဆရာတို့သည် ညီညွတ်ခြင်း၏သဘောကို ဖွင့်ထုတ်ရေးသားခဲ့ကြသည်။

'ဗညားသေဉ်လုံ' ရာဇဝတ်နှင့် အဝဘုရင် သတိုးမင်းစော တိုက်ပုံအခန်းတွင်လည်း –

"အဝဘုရင် သတိုးမင်းစော အစရှိသော စော်ဘွား စော်ကန် တပ်မှူး စစ်ကဲအပေါင်းတို့ တစိတ်တဝမ်းတည်း နှလုံးညီကြ၍ မိုင်းစံမြို့သို့ဆုတ်၍ နေတော်မူကြသည်။"

*ဦးကုလား မဟာရာဇဝင်ကြီး၊ ဒုတိယတွဲ၊ ၃၇၂*

ဤရာဇဝင်စကားရပ်၌လည်း တစ်စိတ်တည်း၊ တစ်ဝမ်းတည်း၊ နှလုံးထဲ၌ သဘောချင်း ညီညွတ်ကြခြင်း ကိုဖွဲ့ဆိုထားရာ 'စိတ်ဝမ်းတို့သည် ရေတစ်ပြင်တည်းကဲ့သို့ ညီညွတ်ကြကုန်သည်" ဟူ၍ ယူဆမည်ဆိုပါကလည်း ယူဆနိုင်သည်။

ယင်း ဦးကုလားမဟာရာဇဝင်ကြီး ဒုတိယတွဲ စာမျက်နှာ ၃၆၇ တွင်–

လူသွမ်းလူပြက်တို့သည် တစ်ချက်တစ်လက်တည်း ပေါင်းစည်း၍ ဟု ရေးဖွဲ့ ထားရာ၌လည်း စိတ်ဝမ်းတစ်သဘောတည်း ပေါင်းစည်းညီညွတ်သည် ဟူသော အဓိပ္ပာယ်ကိုပင်ရသည်။

သဘောချင်း တိုက်ဆိုင်ညီညွတ်ကြရာ၌လည်း အကြိုက်ညီသည် ဟူ၍လည်းကောင်း၊ စိတ်ညီသည် ဟူ၍လည်းကောင်း ရေးသားကြကုန်သည်။

ဗညားဒလအမတ်ကြီးသည် သတ္တိလည်းရှိသည်။ မှန်ရာကိုလည်း လုပ်ရဲသည်။ မှန်ရာကို လုပ်ရာတွင် အသက်ကိုပင် ပမာဏမထား။ စစ်သူကြီးလည်း အလွန်ပီသသည်။

mgyoe.com

mgyoe.com
ဗိုလ်မှူး တပ်မှူးနှင့်လည်း မည်သည့်အခါမျှ ဆန့်ကျင်ဖက်ကိုမပြု၊ လင်းဇင်းအရေးတွင် သာမန်အမတ်တစ်ဦးဖြစ်လျက်နှင့် ဘုရင်တက်လုပ်နေသော ဗညားသေဉ်ကို နှိမ်နင်းရန် ဘုရင့်နောင်က ဗညားဒလအား စစ်သေနာပတိအဖြစ် ခန့်ထား စေလွှတ်ခဲ့သည်။ ဗညားဒလသည် တိုက်ဆင်တစ်ရာ မြင်းတစ်ထောင် ဗိုလ်တစ်သောင်းနှင့် ချီတက်လာခဲ့သည်။ သောင်ရက်အရပ်တွင် တပ်စွဲ၍ ဇင်းမယ်နှင့် ယိုးဒယားတို့ထံမှ အစာရိက္ခာနှင့် စစ်ကူအများလာမည်ကို စောင့်မျှော်နေသည်။ ၂–လကြာသည့်တိုင်အောင် ဇင်းမယ် ယိုးဒယားတပ်တို့ မရောက်လာကြ။ အကောက်ကြံဟန်တူသည်ဟု သူထင်သည်။ ထို့ကြောင့် ဗညားဒလတပ်တို့ အစာရေစာ ပြတ်သည်။ ရဲမက်တို့ ငတ်မွတ်ခေါင်းပါးကြသည်။ ဖျားနာကြသည်။ ဤအတိုင်းသာ နောက်ထပ် တစ်လကြာနေရသည်ရှိသော် စစ်သည်ရဲမက်အများ ဖျားနာ၍သော်လည်းကောင်း၊ ငတ်မွတ်၍သော်လည်းကောင်း သေကြမည်။ ထိုအတွင်း ရန်သူလင်းဇင်းတို့ ချီတက်တိုက်ခိုက်ပါက ရန်သူလက်တွင် အသက်ဆုံးရှုံးကြမည်သာဖြစ် သည်။ ဤအတိုင်း အသေခံကြမည်လော၊ တပ်ကို နောက်ပြန်ဆုတ်ကြမည်လော။ ဗိုလ်မှူး တပ်မှူးတို့နှင့် တိုင်ပင်ကြသည်ရှိသော် ဗိုလ်မှူး တပ်မှူးတို့က ပြန်ဆုတ်လိုကြသည်။

"စစ်ကဲမှူးတို့ စိတ်ညီလျှင် မျိုးရိက္ခာရှာမည်၊ ရေကြောင်းချီလာသူတို့ကို ဆီးကြိုလော့" ဆိုသည်။

*ဦးကုလား မဟာရာဇဝင်ကြီး၊ တတိယတွဲ၊ စာမျက်နှာ ၇*

ဗညားဒလ၏စိတ်တွင် ငတ်မွတ်ခေါင်းပါး၍ ရန်သူသတ်သဖြင့် သေရသည်ထက် အရှင်သခင် မျက်တော်မူ၍သေရခြင်းက မြတ်သေးသည်ဟု ထင်သည်။ ဤကဲ့သို့သောအခြေအနေမျိုးတွင် ဖွတ်မိုက်၍ အသေခံခြင်းမှာလည်း သတ္တိရှိ၍မဟုတ်၊ မိုက်ခြင်းသာလျှင်ဖြစ်တော့သည်ဟူ၍ သတ္တိရှိခြင်းနှင့် မိုက်ခြင်းကို ခွဲခြားသိရှိနားလည်သော ဗညားဒလသည် တပ်ကိုခေါက်၍ နေပြည်တော်သို့ ပြန်လာခဲ့သည်။ ဆင်ဖြူများရှင် မင်းတရားအမျက်တော်ရှ၍ ဗညားဒလအား အဖျားအနာထူထပ်သော 'ဇနက်' ဟူသည့် ယိုးဒယားကျေးရွာသို့ပို့သည်။ ငါးလကြာသော် ဖျားပြီး၍ မလှုပ်နိုင်တော့မှ ယိုးဒယားမင်းက 'ကမန်ပိုက်' သို့ ပြောင်းရွှေ့ယူထားရာတွင် တစ်လကြာသော် အနိစ္စရောက်ရှာသည်။

ဗညားဒလသည် ဗိုလ်မှူး တပ်မှူးတို့၏ဆန္ဒကို ငဲ့ညှာပြီး မဆန့်ကျင်ခဲ့။ ကိုယ်ပင်အနာခံခဲ့သည်ကို လေးစားချီးကျူးထိုက်လှပေသည်။

ရာဇဝင်များတွင် စိတ်ဆန္ဒသဘောချင်း တူညီသည်ကို အကြိုက်ညီသည် ဟု သုံးစွဲတတ်ကြောင်းကိုလည်း ရာဇဝင်နေရာအတော်များများ၌ တွေ့ကြရသည်။

ကုန်းဘောင်းမင်းများလက်ထက် ဆင်ဖြူရှင်မင်းတရားကြီးသည် စစ်သူကြီး
mgyoe.com

မဟာသီဟသူရအား သက္ကရာဇ် ၁၁၃၁–ခုနှစ်တွင် ဗန်းမော်သို့ ဆင်းလာကြသည့် တရုတ်စစ်သည်များကို ချီတက်တိုက်ခိုက်စေသည်။ စစ်သူကြီး မဟာသီဟသူရသည် တရုတ်တို့နှင့် စစ်မတိုက်ရဘဲ စေ့စပ်ပြေငြိမ်းခဲ့သဖြင့် တရုတ်တို့ထံမှ လက်ဆောင်ပဏ္ဏာများကို ယူ၍ နေပြည်တော်သို့ ပြန်လာခဲ့သည်။ လက်ဆောင်တော်များကိုလည်း ရှေ့တော်သို့ ပို့လွှတ်စေသည်။ ထိုအခါ ဆင်ဖြူရှင်မင်းတရားသည် အလွန်လျှင် အမျက်တော်ရှ၍ ယင်းလက်ဆောင်များကို နန်းတော်သို့ မသွင်းစေဘဲ စစ်မှူးစစ်ကဲတို့၏ မယားများကို ခေါင်းထက်၌ရွက်စေပြီး တစ်နေ့လုံး အနောက်တံခါးအထွက် နေပူတွင် ရပ်လျက်နေစေသည်။ ထိုသို့ လင်သားများ၏အပြစ်ကို စိုးမင်းမယားများ ခံယူကြရသည့်အထဲတွင် အသျှင်မိဖုရားခေါင်ကြီး၏ အစ်မတော်မှာ စစ်သူကြီး၏မယားဖြစ်၍ ပါဝင်သည်။

"စစ်သူကြီး မဟာသီဟသူရလည်း ဘုရင်မင်းတရားကြီး အမျက်တော်ရှတော်မူကြောင်းကို သိရလျှင် နေပြည်တော်သို့ မပြန်ဝံ့၊ ပြန်ကြလျှင်လည်း အသက်နှင့်ကိုယ် မြဲကြမည် မဟုတ်၊ ထို့ကြောင့် မည်သို့ဆောင်ရွက်ကြမည်ကို ဗိုလ်မှူး တပ်မှူးတို့နှင့် တိုင်ပင်သည်။ ယခုအခါ ဆောင်းလည်းမကုန်သေး၊ တပ်မတော်ကို မဏိပူရ ကသည်းသို့ချီစေ၍ မဏိပူရ ကသည်းပြည်ကိုသိမ်းယူပြီးနောက် သမီးကညာများကို ဆက်သစေရလျှင် မင်းတရား ကျေနပ်တော်မူလိမ့်မည်ဆိုကာ ဗိုလ်မှူး တပ်မှူးတို့ အကြိုက်ညီကြ၍ မဏိပူရ ကသည်း ပြည်သို့ ချီကြလေသည်ဟူ၍ ရေးသားထားလေသည်။

*ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး၊ လယ်တီမဏ္ဍိုင်၊ ၁၃၂၉ ခုထုတ်၊ ပထမတွဲ၊ စာမျက်နှာ ၄၈၀။*

ထို့ကြောင့် စိတ်သဘောချင်း တစ်ပြင်တည်း၊ တစ်သဘောတည်းဖြစ်ကြသည်ကိုလည်း အကြိုက်ညီသည် ဟူ၍ ရာဇဝင်များတွင် ရေးကြသည်။

စိတ်၊ လက်၊ ဝမ်း ဟူသည်တို့ကို လူတို့သည် အဓိပ္ပာယ်ထပ်တူ ထပ်မျှထား၍ ရောလဲနှင့်သုံးနေကြသည်ကို တွေ့ရသည်။

ဝမ်းသာသည်၊ ဝမ်းနည်းသည် ဟူသည်တို့မှာလည်း စိတ်က နည်းသည်၊ စိတ်က သာသည်ဟူသော အဓိပ္ပာယ်ပင်ဖြစ်သည်။

ပုဂံပြည်တွင် မင်းယဉ်နရသိခ် လက်ထက် ဝါးတောအတွင်းမှရရှိသော ဝဠုဝတီကို မုဆိုးတစ်ဦး လာဆက်ရာတွင် 'ဤမိန်းမကား နားပြက်ကျယ်လှသည်၊ ဝမ်းပျက်လိလိတည်း' ဟု နရသိခ် ကဆိုသည်။

ဝမ်းပျက်လိလိ ဟူသည်မှာ စိတ်ပျက်ဖွယ်ဖြစ်သည်ဟု ဆိုလိုကြောင်း မှတ်သားရပေသည်။

mgyoe.com

mgyoe.com

လက် ဟူရာ၌လည်း တစ်ခါတစ်ရံ စိတ် နေရာထား၍ စိတ် နှင့် ထပ်တူထပ်မျှ သုံးစွဲနေသည်ကိုလည်း တွေ့ကြရသည်။

စိတ်ပါလက်ပါ၊ စိတ်လက်မကောင်း၊ စိတ်လက်မအီမသာ၊ စိတ်လက် ညှိုးငယ် စသည်ဖြင့် စိတ်နှင့် လက်ကို ထပ်တူအနက်ထား၍ သုံးတတ်ကြသည်ကိုလည်း သိရှိရပေသည်။ 'စကားကို လက်ခံသည်' ဟူရာ၌လည်း စိတ်က ခံယူခြင်းကိုပင် လက်ခံ သည်ဟု ဆိုသည်။ ထို့ကြောင့် လက် ကို စိတ် နေရာ၌ထားပြီး သုံးစွဲကြသည်လည်း ရှိ သည်။

ထို့ကြောင့် လက်ရည်တစ်ပြင်တည်း ဟူသောစကားသည် စိတ်ရေတစ်ပြင် တည်း ဟူသောစကားနှင့် ထပ်တူထပ်မျှသာလျှင်ဖြစ်သည်။

ရေသည် တစ်ပြင်တည်း ညီညွတ်သကဲ့သို့ – တစ်ဦးနှင့်တစ်ဦး သဘော ထားတို့ ညီညွတ်မည်ဆိုပါက–

အကြိုက်ညီသည်
စိတ်ညီသည်
တစ်စိတ်တစ်ဝမ်းတည်း နှလုံးညီသည် ပင်ဖြစ်သည်။

စိတ်သည် ရေတစ်ပြင်ကဲ့သို့ တစ်ချက်တည်း ညီညွတ်ခြင်းကိုပင်–

စိတ်ရည်တစ်ပြင်တည်း ညီသည် ဟူ၍လည်းကောင်း
လက်ရည်တစ်ပြင်တည်း ညီသည် ဟူ၍လည်းကောင်း ရာဇဝင် ဆရာတို့ ခေါ်ဝေါ်သုံးစွဲလာကြသည်မှာ အမှန်ပင်ဖြစ်ပေကြောင်း။

*(ဝန်ကြီး ဗညားဒလနှင့်အတူ မြန်မာပညာရှိ ကွယ်လွန်သူ ရွှေပြည်ဦးဘတင်၏ အဆိုအမိန့်ကို ဗညားဒလ ကွယ်လွန်သည့် အနှစ် ၄၀၀–မြောက် အထိမ်းအမှတ်နေ့တွင် ရှိခိုးဦးညွတ်လျက်။)*

စာပြီးနှစ် – ၁၃၃၄

mgyoe.com

mgyoe.com

# ဗညားဒလ၏ မင်းသားဗညားနွဲ့အကြောင်း စကားပြေ

ဇော်ဂျီ

ဝန်ကြီး ဗညားဒ္ဒလ (၈၀၀–ခန့် ၉၃၄) ၏ ရာဇာဓိရာဇ်အရေးတော်ပုံကျမ်းသည် အလယ်ခေတ် မြန်မာနိုင်ငံ သမိုင်းဆိုင်ရာ သမိုင်းအချက်အလက်များအတွက် အရေးကြီးသော ရာဇဝင်ကျမ်းတစ်မျိုးဖြစ်သည်မှာ အထင်အရှားဖြစ်ပေသည်။ သို့ရာတွင် ထိုကျမ်း၌ ရသစာပေ လက္ခဏာကိုလည်း တွေ့နိုင်သေးသဖြင့် ထူးသည်ဟုဆိုရာသည်။ ရသစာပေလက္ခဏာဆိုသည်မှာ စာရေးဆရာသည် လူတို့၏ ကိုယ် နှုတ် နှလုံး အမူအရာတို့ကို ပရိသတ်၌ မြင်ယောင်ယောင် ကြားယောင်ယောင်ဖြစ်အောင် မိမိ၏ စိတ်ကူးဉာဏ်ဖြင့် သရုပ်ဖော်လျက် လူ့လောက၌ လက်ခံထိုက်သည်ကို လက်ခံ၍ ပယ်ထိုက်သည်ကို ပယ်တတ်သော စိတ်ဓာတ်ဖြစ်ပေါ်လာအောင် မိမိ၏ ခံစားမှုအသိဖြင့် ဖွဲ့ဆိုနိုင်သော သဘောကို ဆိုလိုပါသည်။

ရာဇာဓိရာဇ်အရေးတော်ပုံကျမ်းကို ဗညားဒလ စီရင်သည်ဟု ပိဋကတ်သမိုင်း၌ ဆိုသည်။ ဟံသာဝတီ ဆင်ဖြူများရှင် အရေးတော်ပုံကျမ်း၊ အလောင်းမင်းတရား အရေးတော်ပုံကျမ်းတို့ကို သက်ဆိုင်ရာပုဂ္ဂိုလ်တို့ စီရင်သည်ပင်ဆိုရာ "စီရင်" သည်ဟူသော ပိဋကတ်သမိုင်းဆရာ၏စကားသည် သက်ဆိုင်ရာ ကျမ်းပြုသူကိုယ်တိုင် ပြုစုရေးသားသည် ဟူသောအနက်ကို ဆောင်နိုင်သည်ဟု ယူချင်ပါသည်။ ထိုသို့ ယူပါက သက္ကရာဇ် ၇၀၀–ကျော်ခေတ်တွင် ဖြစ်ပေါ်ခဲ့သော ဟံသာဝတီမင်း၊ အင်းဝမင်းတို့၏ အဖြစ်အပျက်အကြောင်းကို ဟံသာဝတီမှာရော၊ အင်းဝမှာရော အနှစ်တစ်ရာကျော်အတွင်း တစ်ဆင့်စကား တစ်ဆင့်ကြားနာမှတ်သားထားခဲ့ကြသည်တို့မှ ဝန်ကြီးဗညားဒလက ရွေးချယ်၍ သက္ကရာဇ် ၉၀၀ ကျော် ဟံသာဝတီ ဘုရင့်နောင်ကျော်ထင်နော်ရထာလက်ထက်တွင် မှတ်တမ်းရေးခဲ့သည်ဟု

mgyoe.com

mgyoe.com
ဆိုရာသည်။

ရာဇာဓိရာဇ်အရေးတော်ပုံကျမ်း၏ သဘောအချုပ်မှာ ဤသို့ဖြစ်သည်။ သက္ကရာဇ် ၇၀၀–ကျော်ခေတ်ကသော် ဟံသာဝတီပဲခူး၌ ဆင်ဖြူရှင် ဗညားနွဲ့နှင့် သားတော် ရာဇာဓိရာဇ်တို့ စိုးစံ၍ ရတနာပူရအင်းဝ၌ မင်းကြီးစွာစော်ကဲနှင့် သားတော် မင်းခေါင်တို့ စိုးစံကြသည်။ ထိုမင်းတို့သည် ပုဂံခေတ်က မင်းများကဲ့သို့ အကြွေအညာ မြန်မာနိုင်ငံတစ်ခုလုံးကို သိမ်းရုံးစိုးအုပ်လိုကြသော မင်းများဖြစ်သည်။ ထို့ကြောင့် နှစ်ပေါင်း လေးဆယ်နီးပါးခန့် အကြွေအညာစစ်ခင်းခဲ့ကြသည်။ သို့ရာတွင် လိုရာကို မရနိုင်ကြဘဲ ဘတစ်ပြန်ကျားတစ်ပြန်ဖြစ်၍ မိမိတို့၏ဘဝဇာတ်ကို သိမ်းခဲ့ကြရသည်။

ဝန်ကြီးဗညားဒလသည် ထိုအကြောင်းတို့ကို ကျမ်းအဖြစ် ရေးသားစီရင်ရာတွင် ရှေးဦးစွာ ဟံသာဝတီ၌ ဆင်ဖြူရှင် ဗညားဦး ထီးနန်းရပုံ၊ ထို့နောက် ရာဇာဓိရာဇ် ထီးနန်းရပုံတို့ဖြင့် ကျမ်းကို ဖွင့်သည်။ ထို့နောက် ကျမ်းအဆုံးအထိ မင်းကြီး စွာစော်ကဲနှင့်လည်းကောင်း၊ မင်းခေါင်နှင့်လည်းကောင်း စီးချင်းတိုက်ပွဲများ ခင်းခဲ့ကြပုံတို့ဖြင့် ကျမ်းကို အဆုံးသတ်သည်။ အဆုံးသတ်အပိုင်းတွင် စစ်တိုက်ကြသောအကြောင်းအရာက များသည်။ တိုက်ပွဲများအကြောင်းကို မှတ်တမ်းရေးရာ၌ တိုက်ပွဲတို့၏ သဘာဝအရပင် ထိတ်လန့်စရာ၊ အံ့သြစရာ၊ ချီးကျူးစရာ၊ သနားစရာတို့ ပါကြရမည်သာဖြစ်သည်။ ထိုအခါ မှတ်တမ်းအရေးညှံ့စေကာမူ မှတ်တမ်းဖတ်သူအဖို့ စိတ်ဝင်စားစရာဖြစ်သည်။ ထိုအချက်ကို မထူးပါဟု ဆိုချင်လျှင်ဖြစ်ပါသည်။

အဖွင့်ပိုင်းတွင် စစ်မတိုက်သော အကြောင်းအရာလည်း ပါသည်။ ဝါ၊ နန်းတွင်းနန်းပြင်ထွက်ဝင် ပြုမူကြသောအကြောင်းလည်း ပါသည်။ ထိုအကြောင်းမျိုးကို မှတ်တမ်းအရေးညှံ့ပါက ငြီးငွေ့စရာဖြစ်နိုင်သည်။ သို့ရာတွင် အဖွင့်ပိုင်း၌လည်း အသက်ပါသဖြင့် ဝတ္ထုကောင်းတစ်ပုဒ်ကို ဖတ်ရဘိသကဲ့သို့ဖြစ်သည်။ ထို့ကြောင့် ရာဇာဓိရာဇ်အရေးတော်ပုံကျမ်း၌ ရသစာပေလက္ခဏာကိုလည်း တွေ့နိုင်သေးသဖြင့် ထူးသည်ဟု ဆိုခဲ့ခြင်းဖြစ်သည်။ ထိုသို့ ဆိုခဲ့ခြင်းသည် ဝန်ကြီးဗညားဒလ၏ ခံစားမှုအသိကြောင့်လည်းကောင်း၊ သူ့စိတ်ကူးဉာဏ်ကြောင့်လည်းကောင်း၊ သူ၏မြန်မာစကားပြေကြောင့်လည်းကောင်း ဖြစ်သည်ဟု ယူချင်ပါသည်။ ပုံစံအဖြစ်ဖြင့် ဟံသာဝတီ၌ မင်းသားဗညားနွဲ့ ထီးနန်းရလာပုံအကြောင်းဆိုင်ရာ စကားပြေကောက်နုတ်ချက်အချို့ကို အခြေခံ၍ ရှင်းပြလိုပါသည်။ အရေးတော်ပုံကျမ်းပါ အရေးကြီးသော ပုဂ္ဂိုလ်သုံးဦးအကြောင်းကို ကြိုတင်သိအပ်သည်။ ပထမပုဂ္ဂိုလ်သည် ရာဇာဓိရာဇ်ဖြစ်သည်။ ရာဇာဓိရာဇ်သည် မင်းဘွဲ့ဖြစ်၍ ငယ်မည်မှာ ဗသုန်ဗန်စက်၊ ဗညားနွဲ့ တို့ဖြစ်သည်။ ဗညားနွဲ့သည် ဆင်ဖြူရှင် ဗညားဦး၏မိဖုရား
mgyoe.com